# မြဝတီ The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လကွယ်၊ သောကြာနေ့၊ (26-5-2006) (၄၉၆၉)


## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တွံတေးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



## သာမန်စေတနာမျိုး၊ သာမန်အားထုတ်မှုမျိုးမဟုတ်

မြစ်ကူး ချောင်းကူး တံတားကြီးများနှင့်တကွ လမ်းမကြီး အသွယ်သွယ်ကို ယခင်ခေတ်ကာလက ချောင်ကျသည်ဟု ဆိုကာ ပစ်ပယ်ထားခဲ့သည့် ယခုကဲ့သို့ နေရာဒေသမျိုးများတွင် နိုင်ငံတော်အစိုးရအနေဖြင့် တကူးတက လိုက်လံဆောက်လုပ်ပေးနေခြင်းသည် သာမန်စေတနာမျိုး၊ သာမန်အားထုတ်မှုမျိုး မဟုတ်ဘူးဆိုသည်ကို ဒေသခံပြည်သူများ သိမြင်နားလည် သဘောပေါက်ကြစေလို။

# ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်သစ်တစ်ခုကို ညင်သာစွာ ကူးပြောင်းနိုင်ရန် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရုပ်လုံးဖော်နေ

# နိုင်ငံတော်ကြီး ဘက်စုံကဏ္ဍစုံနယ်ပယ်စုံတွင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ တိုးတက်ခိုင်မာ

# အမွေခံကောင်းများ လက်ဆင့်ကမ်းသယ်ဆောင်ရေးသည် ပြည်သူအားလုံး၏တာဝန်ဖြစ်

ရန်ကုန် မေ ၂၅

**ရန်ကုန်တိုင်း ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာအနီး တွံတေးတူးမြောင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွံတေးတံတား တည်ဆောက်ရေးစီမံကိန်းအဖွဲ့က တာဝန်ယူ တည်ဆောက်ခဲ့သည့် တွံတေးတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်အားပေးချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**

တွံတေးတံတား ဖွင့်ပွဲအခမ်းအနားသို့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** *

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၆–၅–၂၀၀၆
(သောကြာနေ့)

# အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး ထက်ထက်မြက်မြက် ဦးဆောင်မှုပေး

မြန်မာနိုင်ငံတွင် လူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများ ဖြစ်သည်။ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အဖွဲ့ဝင် အင်အား ၂၁သိန်း ၂သန်းကျော် ရှိနေပြီဖြစ်သည်။ အဖွဲ့ချုပ်အနေဖြင့် အမျိုးသားရေးဆိုင်ရာ အခြေခံမှု၊ တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမှုတို့ကို အလေးထားသည်။ လူမှုရေးဆိုင်ရာအခြေခံမှုနှင့် အမျိုးသမီးရေးရာ အခြေခံမှုများနှင့်အညီ လုပ်ငန်းတာဝန်များကို ဖော်ဆောင်လျက်ရှိသည်။

အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝလုံခြုံရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေး လုပ်ငန်းများကိုလည်း အခါမလပ် လုပ်ဆောင်ပေးနေသည်။ ထို့အပြင် တိုင်းရင်းသားရေးရာ၊ ဥပဒေရေးရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လုပ်ငန်းများကိုပါ လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိသည်။

အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံဖော်ဆောင်နိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်ကိုဖွဲ့စည်း၍ အမျိုးသမီးများ အကျိုးစီးပွားကို မားမားမတ်မတ် ရပ်တည်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ အမျိုးသမီးများ၏ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်လျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းလျက်ရှိသည်။ အမျိုးသမီးများဘဝ လုံခြုံရေးအတွက် အဘက်ဘက်မှ စီမံဆောင်ရွက်နေသည်။ အလားတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ထမ်းဆောင် လျက်ရှိသည်။

မြန်မာအမျိုးသမီးများသည် ရိုးရာအစဉ်အလာ၊ ဓလေ့ထုံးတမ်းအရ ယဉ်ကျေးသိမ်မွေ့ကြသည်။ မိမိတို့ အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရာတွင် စံနမူနာယူဖွယ် ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် ခေတ်အဆက်ဆက်၌ အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်စွမ်းဆောင်ခဲ့ကြသည့် အစဉ်အလာရှိသည်။ ယနေ့ကာလအထိလည်း အမျိုးသားရေးအကျိုးစီးပွားကို ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းနေဆဲဖြစ်သည်။

မျက်မှောက်ကာလသည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က အားပေးမြှင့်တင်ပေးနေချိန်ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထက်ထက်မြက်မြက် ဦးဆောင်ပေးလျက်ရှိသည်။ အရာရာကို စေတနာ ဝီရိယအပြည့်အဝထား၍ တိုင်းကျိုးပြည်ဆောင်အင်အားစုအဖြစ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားကြိုးမာန်တက် ဆက်လက်ပါဝင် ဆောင်ရွက်သွားဦးမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများအားလုံး၏ဘဝသည်လည်း အခြေမြင့်အနေတင့်၍ ဖွံ့ဖြိုးတိုးတက်နေမည် ဖြစ်ပါသည်။ ။



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်းနေ ပါမောက္ခ ဒေါက်တာ ဝင်းမြင့် – ပါမောက္ခ ဒေါက်တာ ခင်သိန်းဦး မိသားစုက ငွေကျပ် ၃၀၀၀၀၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိပ်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၅**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်းအစား ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်းအစား ခွဲခြားသတ်မှတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တောရေးရာ)



# မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် မေ ၂၅**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်း အဖွဲ့အစည်း အကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်–

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးချစ်ရှိန်<br>ဥက္ကဋ္ဌ<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေး<br>ဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (ခ) ဦးတင်အောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန |

## တွံတေးဆရာတော် တရားပွဲ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သီရိမင်္ဂလာ မဟာစည်ရိပ်သာ ကျောင်းတိုက် ဆရာတော် တွံတေး အရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ)သည် မေ ၂၇ရက်ည ၇နာရီတွင် ကွမ်းခြံကုန်းမြို့ ရွှေကျင်(ဂျား) ကျောင်း ပရိယတ္တိစာသင်တိုက်ပူဇော်ပွဲ၊ မေ ၂၈ရက် ထေရဝါဒ အထူးတရားပွဲ အမှတ်(၄၇၄)၊ ဣန္ဒာ(၄)လမ်း ၈/ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ဇွန် ၃ရက် ကျားကွက်သစ် သာသနာ့ဟိတဓမ္မာရုံ ကျောက်မြောင်း တာမွေတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။(က–ပ)

# “ကရုဏာရှေးရှုမြန်မာမှု” အစီအစဉ် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် မေ ၂၅**

မြန်မာဘရူဝါရီလီမိတက်၏“ကရုဏာရှေးရှု မြန်မာမှု” အစီအစဉ်အရ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်နှင့် မွန်းလွဲပိုင်းတို့တွင် နှစ်နေရာခွဲ၍ ကျင်းပသည်။

နံနက် ၁၀နာရီတွင် ရွာသာကြီးရှိ စိတ်ကျန်းမာရေးဆေးရုံခန်းမဆောင်၌ အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြန်မာဘရူဝါရီလီမိတက်မှ အထွေထွေမန်နေဂျာ မစ္စတာဒေးဗစ်တန်က အဖွင့်အမှာစကား ပြောကြားပြီး အလှူငွေကျပ် ၂၅သိန်းကို စိတ်ကျန်းမာရေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်အား ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများစုပေါင်း၍ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ စားသောက်ဆိုင်ပိုင်ရှင်များနှင့် အရောင်းဆိုင်ပိုင်ရှင်များက အလှူငွေများကိုလည်းကောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်သို့ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မွန်းလွဲ ၁၂နာရီခွဲတွင် ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အထွေထွေမန်နေဂျာ မစ္စတာ ဒေးဗစ်တန်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ရှိ မသန်မစွမ်းကလေးများကျောင်းသို့ ငွေကျပ် ၂၅ သိန်း၊ ခဝဲခြံ မျက်မမြင်ကျောင်းသို့ ငွေကျပ် ၂၅ သိန်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဝင်္ကပါ) သို့ ငွေကျပ် ၂၅ သိန်း၊ လူငယ်ပရဟိတ ကျားကျောင်းသို့ ငွေကျပ် ၂၅ သိန်း၊ မိဘမဲ့ ကလေးများကျောင်း (ပုလဲမြို့သစ်)သို့ ငွေကျပ် ၂၅ သိန်း တို့ကို အထွေထွေ မန်နေဂျာ မစ္စတာ ဒေးဗစ်တန်၊ ဒုတိယအထွေထွေ မန်နေဂျာ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။



**မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်အရ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် မြန်မာဘရူဝါရီလီမိတက်မှ အထွေထွေမန်နေဂျာ မစ္စတာ ဒေးဗစ်တန်က မသန်မစွမ်းကလေးများ ကျောင်းအတွက် အလှူငွေကျပ် ၂၅သိန်း ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ယင်းနောက် အလှူငွေ လက်ခံရရှိကြသည့် ကျောင်းများကိုယ်စား မိဘမဲ့ ကလေးများကျောင်း (ပုလဲမြို့သစ်)မှ ကျောင်းအုပ် ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားပြီး မျက်မမြင်ကျောင်းနှင့် မသန်မစွမ်းကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သီဆိုကပြ ဖျော်ဖြေကြကာ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၃၆၅ သိန်းကျော် ဖြစ်ပြီး စားသောက်ဆိုင်နှင့် အရောင်းဆိုင်ပိုင်ရှင်များ၏ လှူဒါန်းငွေ ကျပ်သိန်း ၄၀ ကျော် ပါဝင်သည်။ (သတင်းစဉ်)

# ပိုးသတ်ဆေးအကြောင်း သိကောင်းစရာ (၁)

## ကိုရဲ (စိုက်ပျိုးရေး)

စိုက်ပျိုးရေးလုပ်ငန်းတွင် ပိုးမွှားကျရောက်မှုများပြားလျှင် ပိုးသတ်ဆေးကို မလွှဲသာ၊ မရှောင်သာ မဖြစ်မနေအသုံးပြုကြရသည်။ ယင်းသို့ သုံးရာတွင် နှစ်ရှည်သီးပင်များနှင့် ကောက်ပဲသီးနှံစိုက်ခင်းများထက် ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ပိုးသတ်ဆေး စနစ်တကျဖျန်းမှ စားသုံးသူများ အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည်။

ပိုးသတ်ဆေးပုလင်း ဆေးဘူးတိုင်းတွင် ဆေးဖျန်းပြီး ရက်မည်မျှကြာမှ ခူးဆွတ်၍ ဈေးကွက်ပို့ပါဟု ညွှန်ကြားချက်များ ပါရှိသည်။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားရှိပြီး ပိုးသတ်ဆေးဥပဒေအရ ပိုးသတ်ဆေးများကို မှတ်ပုံတင်ပြီး ရောင်းချရပါသည်။ ဆေးပုလင်းအမျိုးအစား၊ အရွယ်အစား၊ ဆေးအမည်၊ ဆေးအညွှန်းတို့ကို သတ်မှတ်ချက်ထားရှိကာ ဆေးအညွှန်းကို လူတိုင်းနားလည်သည့် မြန်မာဘာသာဖြင့် ရေးသားဖော်ပြရောင်းချကြရန် ညွှန်ကြားပြီးဖြစ်သည်။

ဆေးညွှန်းအတိုင်းလိုက်နာပါက အန္တရာယ်မရှိ။ သို့သော် လိုက်နာခြင်းမရှိဘဲ ပေါ့ဆစွာ လုပ်ကိုင်နေကြပါလျှင် အန္တရာယ်များသည်။ ထို့ကြောင့် **“ပိုးသတ်ဆေးကို သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေး”**ဟု ဆိုကြသည်။

ဆေးဖျန်းရာတွင်လည်း အန္တရာယ်မဖြစ်အောင် ဆေးရည်နှင့်ရေ ရောစပ်မှု၊ အသုံးပြုမည့်ဆေးဖျန်းပုံးမှအစ၊ ပက်ဖျန်းသူ၏ ခန္ဓာကိုယ် မထိမိအောင် ကာကွယ်မှု၊ ဆေးဖျန်းမည့် လေတင်၊ လေညာအရပ် ရွေးချယ်မှုတို့ကို ကြိုတင်စဉ်းစား ဆောင်ရွက်ကြရသည်။

ယခုအခါ စားသုံးသူများသည် ဩဂဲနစ်စိုက်ပျိုးရေး၊ ဩဂဲနစ်မွေးမြူရေးဟုခေါ်သည့် ဓာတုဗေဒပစ္စည်းမသုံးသည့် စိုက်ပျိုးမွေးမြူမှုတို့မှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို နှစ်ခြိုက်စားသုံးလာကြသည်။ ဈေးကွက်မှာပင် သီးခြားဈေးကွက် ဩဂဲနစ်ပစ္စည်းက ဈေးပိုရသည်။ ရွေးချယ်ဝယ်ရာတွင် ဟင်းသီးဟင်းရွက်၌ ပိုးကိုက်ဒဏ်ရာပါလျှင် ပိုးသတ်ဆေးမပက်ဖျန်းသည့်အတွက် စိတ်ချရသည်ဟု ရွေးချယ်ဝယ်ကြလေ့ရှိသည်။

ပိုးသတ်ဆေးကို ထုတ်လုပ်ရာတွင် စိုက်ပျိုးရေးနှင့် ကျန်းမာရေးလုပ်ငန်းအတွက် အသုံးပြုရန် ထုတ်လုပ်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများကို ထုတ်လုပ်စဉ်ကပင် ကြာရှည်မခံအောင်၊ ပတ်ဝန်းကျင်အန္တရာယ်နည်းပါးအောင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ထုတ်လုပ်ကြသည်။

ဤနေရာတွင် ပိုးသတ်ဆေးပက်ဖျန်းပြီး ကျန်ရှိသည့် ဓာတ်ကြွင်း၏ အန္တရာယ်ပေးမှုကို သိရှိကြရန်လိုသည်။ ဓာတ်ကြွင်းမှာ ပိုးသတ်ဆေးများတွင်ပါဝင်သည့် အဆိပ်ရှိပစ္စည်းနှင့် မသန့်စင်သောပစ္စည်းတို့ ပါဝင်သည်။ ပိုးသတ်ဆေးများတွင် အမြင့်ဆုံးပါရှိသည့် ဓာတ်ကြွင်းပမာဏသည် အလွန်နည်းပါးသည်။ လူတစ်ဦးအား သေစေနိုင်သောနှုန်းထားရောက်သည်အထိ လူ့ခန္ဓာကိုယ်အတွင်း ဝင်ရောက်နိုင်ရန် အချိန်ကာလများစွာယူရသည်။ ပိုးသတ်ဆေးရည်ပြင်းကို တိုက်ရိုက်သောက်သုံးမိပါက သေနိုင်သည်။ ပိုးသတ်ဆေး ပက်ဖျန်းထားသည့် စိုက်ခင်းမှ ဟင်းသီးဟင်းရွက်ကို ပိုးသတ်ဆေးဓာတ်ကြွင်းပြယ်သည့် သတ်မှတ်ရက်မတိုင်ခင် ခူးဆွတ်ရောင်းချပါက ဓာတ်ကြွင်းပါနိုင်သည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်များကို ဈေးမှ ဝယ်ယူစားသုံးရာတွင် ရေနိုင်နိုင်ဆေး၍ စားကြသည်။ လုံလောက်သောအပူပေး၍ ချက်ပြုတ်စားကြသည်။ သို့သော် အဆီပါသည့် ပိုးသတ်ဆေးများသည် ကင်းစင်ပျက်ပြယ်မှုနည်းပါးသည်။

အဆိုပါ ဟင်းသီးဟင်းရွက်များကိုစားပြီး ချက်ချင်း အန္တရာယ်မပေးနိုင်ပါ။ (ဥပမာ-ပိုးသတ်ဆေး အသုံးပြုသည့် ဂေါ်ဖီထုပ်ဆိုပါက တန်ချိန် ၁၅၀ ခန့်စားမှ အန္တရာယ်ပေးနိုင်သော နှုန်းထားရောက်သည်။)

ပိုးသတ်ဆေးဓာတ်ကြွင်းပါသည့် သီးနှံများကို စားသုံးခြင်းဖြင့် လူသားများ ရုတ်တရက် သေဆုံးမည်မဟုတ်သော်လည်း ခန္ဓာကိုယ်အတွင်း တစ်စတစ်စ များပြားလာပါက အသည်းရောဂါများဖြစ်ပွားခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ ကင်ဆာရောဂါဖြစ်ခြင်း၊ တစ်သျှူးများ မူမမှန်ကြီးထွားခြင်း၊ မျိုးပွားအင်္ဂါအစိတ်အပိုင်းများ ထိခိုက်ခြင်း၊ သန္ဓေသား ထိခိုက်ခြင်း၊ နှင်းခူကဲ့သို့သော အရေပြား ယားယံရောဂါဖြစ်ပွားခြင်းတို့ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများက ပိုးသတ်ဆေးဓာတ်ကြွင်းမပါရှိအောင် ပိုးသတ်ဆေးပုလင်းပါ အညွှန်းအတိုင်း ဂရုပြုဆောင်ရွက်ကြရန် လိုပါကြောင်း ရေးသားလိုက်ရပါသည်။ ။



## ဖဲကြိုးဖြတ် ဖွင့်လှစ်

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ မဟာဝိဇိတာရုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၊ အလှူရှင်များဖြစ်ကြသည့် ဦးမောင်မောင်(ဇေယျာရွှေမြေကုမ္ပဏီ)နှင့် ဒေါက်တာ နီလာသိန်း (မျက်စိအထူးကုဆရာဝန်)မိသားစုတို့က ချမ်းမြေ့ဥယျာဉ်ကွန်ကရစ်ချောင်းကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

# ချမ်းမြေ့ဥယျာဉ် ကွန်ကရစ်ချောင်းကူး တံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၅**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာအနီး၌ အလှူရှင်မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့သော အလျားပေ ၂၀၀နှင့် အကျယ်ပေ ၂၀ ရှိ ချမ်းမြေ့ဥယျာဉ်ကွန်ကရစ်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ရက်တွင် ယင်းတံတား၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၊ အလှူရှင်များဖြစ်ကြသည့် ဦးမောင်မောင် (ဇေယျာရွှေမြေကုမ္ပဏီ)နှင့် ဒေါက်တာ နီလာသိန်း (မျက်စိအထူးကုဆရာဝန်) မိသားစုတို့က ဖဲကြိုးဖြတ်၍ ချမ်းမြေ့ဥယျာဉ် ကွန်ကရစ်ချောင်းကူးတံတားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့သည် ဒေသခံ ကျေးရွာပြည်သူများနှင့်အတူ ချောင်းကူးတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ချမ်းမြေ့ဥယျာဉ်ကွန်ကရစ်ချောင်းကူးတံတား ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဥယျာဉ်ကျေးရွာရှိ ဆုတောင်းပြည့်ဘုရား၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းတောင်ရိုး ညောင်လေးပင် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောဝိဒက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး အလှူရှင်မိသားစုနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

# ဓမ္မစေတီဆရာတော် တရားဟောကြားမည်

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက်၌ ဓမ္မစေတီထေရဝါဒသာသနာပြုကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကောသလ္လ(ဓမ္မစေတီ) ဆရာတော်သည် မေ ၂၇ ရက် ည ၇ နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၂၆-၅-၂၀၀၆ (သောကြာနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော “အပါယ်ပိတ်တရား” (အပိုင်း-၄) (ဝိပဿနာအဓိပ္ပာယ်နှင့် ဘာကြောင့် အားထုတ်သင့်သလဲ) |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | သာသနာ့အနွယ်ဝင်သီလရှင် |
| ၇း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၄၅ | Myanmar Video Rhythm |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ (အပိုင်း-၂) |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်) |
| ၉း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၁၅ | ဗွီစီဒီမိတ်ဆက် (အလင်္ကာ၏ရွှေသံစဉ်-၁) |
| ၉း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၄၀ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ) |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | ရွှေလီတံတား |
| ၁၀း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၁၅ | လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | ချပ်သင်းဘေးမဲ့တော ရွှေသမင်စာရင်းကောက်ယူခြင်းလုပ်ငန်း |
| ၁၀း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၅ | ကောင်းကင်ယံကအန္တရာယ် |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။**


# ပညာရေးဝန်ကြီးဌာန
# ကျောင်းအပ်နှံရေးသီတင်းပတ်
# မေလ ၂၅ရက်မှ ၃၁ရက်အထိ

စိတ်ဓာတ်
ကိုယ်ကာယ
ပညာ

**ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး**



# ၂၀၀၆-၂၀၀၇ ပညာသင်နှစ်
# ကျောင်းအပ်နှံရေး သီတင်းပတ်
# မေလ ၂၅ရက်မှ ၃၁ရက်အထိ

**မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံး ဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။**

ပညာရေးဝန်ကြီးဌာန

# အာရှနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပ

**ဒိုဟာ မေ ၂၄**

ပဥ္စမအကြိမ် အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး(အေစီဒီ)ကို ကာတာနိုင်ငံ ဒိုဟာမြို့တွင် မေ ၂၃ ရက်က ဖွင့်လှစ်ခဲ့ရာ ကာတာနိုင်ငံ အိမ်ရှေ့မင်းသားက အာရှတိုက်၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဖြည်းဖြည်းနှင့် မှန်မှန်တိုးချဲ့ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

အေစီဒီအစည်းအဝေးသည် စွမ်းအင်ဆိုင်ရာ ကိစ္စများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို အလေးထားဆွေးနွေးသည့် အစည်းအဝေးဖြစ်သည်။ နှစ်ရက်ကြာကျင်းပသည့် အဆိုပါအစည်းအဝေးသို့ ကာတာနိုင်ငံ အိမ်ရှေ့မင်းသား ရှိတ်တာမင်ဘင်ဟာမက် အယ်လ်သာနီ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ထိုအစည်းအဝေး၏ပြင်ပတွင် တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် လာမည့် ဇွန်လတွင် အစည်းအဝေးတစ်ရပ် ကျင်းပသွားရန် သဘောတူညီခဲ့ကြကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက မေ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။ ဇွန်လအစည်းအဝေးတွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား အငြင်းပွားနေသော အရှေ့ပင်လယ်(ဂျပန်ပင်လယ်)တွင်းရှိ ရေကြောင်းနယ်နိမိတ်ဆိုင်ရာကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးကျင်းပရေးကိစ္စကို တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုအာဆိုတို့ ဆွေးနွေးပြီးနောက် ရရှိခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံဆွေးနွေးပွဲကို ဇွန် ၁၂ နှင့် ၁၃ ရက်များတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသွားမည်ဖြစ်သည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ကာတာနိုင်ငံ ဒိုဟာမြို့၌ပြုလုပ်သော အာရှနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး ပြင်ပတွင် တရုတ် နိုင်ငံခြားရေးဝန်ကြီး လီဇိုဇင်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုအာဆိုတို့ မေ ၂၃ ရက်က တွေ့ဆုံကြစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# တောင်အာရှ၌ နှစ်စဉ်လူမှောင်ခိုကူးခံရသူ ၁၀၀၀၀၀နီးပါးရှိ

**ခတ္တမန္ဒူ မေ ၂၄**

တောင်အာရှဒေသတွင် နှစ်စဉ်လူ ၁၀၀၀၀၀နီးပါးမှာ လူမှောင်ခိုကူးခံနေရသည်ဟု ကျွမ်းကျင်သူများက ပြောကြားကြောင်း နီပေါအသံလွှင့်ဌာနက အင်္ဂါနေ့တွင် ကြေညာသည်။

လူမှောင်ခိုကူး ခံရသူများအနက် အများစုမှာ ငယ်ရွယ်သည့် အမျိုးသမီးများဖြစ်ကြောင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်နှင့် ပြည့်တန်ဆာအဖြစ်စေခိုင်းရန် ရည်ရွယ်လျက် လူမှောင်ခိုကူးလျက်ရှိကြောင်း ခတ္တမန္ဒူမြို့၌ တနင်္လာနေ့မှ စ၍ သုံးရက်ကြာ ကျင်းပသည့် ဒေသဆိုင်ရာ လူမှောင်ခိုကူးမှုနှင့် အိပ်ချ်အိုင်ဗွီ ရောဂါဆိုင်ရာ အစည်းအဝေးတွင် ဆွေးနွေးသူများက ပြောကြားသည်။

တောင်အာရှဒေသတွင် လူမှောင်ခိုကူးခြင်းမှာ ပုံစံအမျိုးမျိုး ရှိကြောင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသခြင်း၊ အခိုင်းအစေအဖြစ် ထားရှိခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်စေခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ တရားမဝင်သောနည်းဖြင့် မွေးစားခြင်း၊ ညစ်ညမ်းသည့် စာအုပ်များနှင့် ညစ်ညမ်းသည့် ရုပ်ရှင်လုပ်ငန်းများတွင် အသုံးချခြင်းစသည်ဖြင့် ရည်ရွယ်ချက် အမျိုးမျိုးရှိကြောင်း အစည်းအဝေးတွင် ဆွေးနွေးသူ များ၏ ပြောကြားချက်ကို ကိုးကားလျက် အသံလွှင့်ဌာနက ဖော်ပြသည်။

အဆိုပါအစည်းအဝေးကို ကိုလံဘိုမြို့ရှိ ဒေသဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံးနှင့် ကုလသမဂ္ဂ အမျိုးသမီးများ ဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့တို့က ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဗီယက်နမ်အထည်အလိပ်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံငွေ လိုအပ်

**ဟနွိုင် မေ ၂၄**

ဗီယက်နမ်နိုင်ငံ၏အသင့်ချုပ်လုပ်ပြီး အထည်နှင့် အထည်အလိပ်လုပ်ငန်းတွင် ယခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိကာလအတွင်း ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာသုံးဘီလီယံလိုအပ်ကြောင်း ပြည်သူ့တပ်ဖွဲ့ သတင်းစာက မေ ၂၃ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံငွေမှ ရက်ထည်နှင့် ဆိုးဆေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇ ဘီလီယံ၊ အဝတ်အထည်လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၄၄၃သန်း၊ သင်တန်းအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ နှင့် ခေတ်မီအဝတ်အထည်နှင့်အထည်အလိပ်စက်ပစ္စည်းအတွက် အမေရိကန်ဒေါ်လာ သန်း ၁၈၀ အသီးသီးလိုအပ်မည်ဖြစ်သည်ဟု ဗီယက်နမ် စက်မှုဝန်ကြီးဌာန၏ပြောကြားချက်ကိုကိုးကား၍သတင်းစာတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)နှင့် ပူးပေါင်းပြီးယခုနှစ်နှောင်းပိုင်းတွင် အဝတ်အထည်နှင့် အထည်အလိပ်ကို ပိုမိုတင်ပို့မည်ဖြစ်ကြောင်း၊ အထူးသဖြင့် အမေရိကန်နိုင်ငံသို့ ပိုမိုတင်ပို့မည် ဖြစ်ကြောင်း၊ ပြည်တွင်းအဝတ်အထည်လုပ်ငန်းတွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံသူများကို လုပ်ကိုင်စေမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဘူဇန်ကိုက မကြာသေးမီက ပြောကြားသည်။

ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသည် အထည်အလိပ်လုပ်ငန်းတွင်ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ပြီးအထည်အလိပ်များကို လာရောက်လုပ်ကိုင်သော ပြည်ပနိုင်ငံများဆီသို့ တင်ပို့ရောင်းချမည်ဖြစ်သည်။ အခြားနိုင်ငံမှမှာယူသောအဝတ်အထည်များကို ဗီယက်နမ်နိုင်ငံ၌ပင် ထုတ်လုပ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် အဝတ်အထည်နှင့် အထည်အလိပ်တင်ပို့မှုလုပ်ငန်းမှ ၂၀၀၆ခုနှစ်တွင် အမြတ်ငွေ အမေရိကန်ဒေါ်လာ၅ ဒသမ၅ဘီလီယံရရှိနိုင်မည်ဟုခန့်မှန်းထားသည်။ ၂၀၀၅ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၄ဒသမ ၆ရာခိုင်နှုန်း တိုးတက်မည်ဟု ဆိုသည်။ အထူးသဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံသို့တင်ပို့ရောင်းချသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံတကာသတင်းများ

# ထိုင်းနိုင်ငံမြောက်ပိုင်းတွင်ရေကြီး လူ ၁၀၀ ကျော်သေဆုံးနိုင်ဟုဆို

**ဗန်ကောက် မေ ၂၄**

ပြီးခဲ့သော ရက်အတန်ကြာကတည်းက ထိုင်းနိုင်ငံမြောက်ပိုင်းပြည်နယ်များတွင် ရေကြီးသည့်ဘေးဒုက္ခနှင့် ကြုံတွေ့နေရရာ လူ ၁၀၀ ကျော်ခန့် အသက်ဆုံးရှုံးနိုင်သည့် အခြေအနေရှိကြောင်း ဒေသခံသတင်းဌာနများက ဖော်ပြသည်။ လွန်ခဲ့သော ရက်အနည်းငယ်အချိန်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဥတာရာဒစ်၊ ဆူခိုထိုင်း၊ ဖရေးနှင့် လမ်ပန်ပြည်နယ်များမှာ ရေကြီးလျက်ရှိသည်။

ထိုရေဘေးဒုက္ခကြောင့် အနည်းဆုံးလူ ၁၀၀ ကျော်သေဆုံးပြီး နောက်ထပ်လူ ၂၀၀ ခန့်တို့မှာ ဒဏ်ရာ အနာတရဖြစ်ခဲ့ရကြောင်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော နေးရှင်းသတင်းစာက ရေးသားဖော်ပြသည်။

အဆိုပါဖြစ်ရပ်ကြောင့် အဆိုးရွားဆုံး ထိခိုက်ခဲ့ရသည့်ပြည်နယ်မှာ ဥတာရာဒစ်ပြည်နယ်ဖြစ်သည်။ ထိုပြည်နယ်တွင် လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်ခဲ့ရသည်။ နိုင်ငံမြောက်ဘက်သို့ ထွက်ခွာလာသော ရထားလေးစင်းမှာလည်း ရေကြီးမှုကြောင့် အခက်အခဲဖြစ်လျက်ရှိကြောင်း သတင်းများအရ သိရှိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ရေကြီးနေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘာတစ်ဝန်း၌ တရုတ်ဘာသာစကားသင် ဆရာများ ပိုမိုလိုအပ်လျက်ရှိ

**ပေကျင်း မေ ၂၄**

လာမည့် ၁၀ နှစ် ကာလအတွင်း တရုတ်ဘာသာစကား သင်ကြားပေးနိုင်သူ ဆရာဦးရေ ငါးသန်း လိုအပ်ဖွယ်ရာရှိကြောင်း တရုတ်နိုင်ငံ ပညာရေးဝန်ကြီးဌာနက မေ ၂၂ ရက်တွင် ကြိုတင်ဟောကိန်း ထုတ်လိုက်သည်။ လက်ရှိ အခြေအနေတွင် ရှိနေသော တရုတ်ဘာသာစကား သင်ကြားသူ ဆရာဦးရေသည် ဖော်ပြပါ ခန့်မှန်းချက်တွင် လိုအပ်သော ဆရာဦးရေ၏ ၁ ရာခိုင်နှုန်းပင် မပြည့်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ ၂၀၁၀ ပြည့်နှစ်တွင် တရုတ်ဘာသာစကား သင်ကြားသူ သန်း ၁၀၀ ခန့်ရှိလာမည်ဟု မျှော်မှန်းကြောင်း ပညာရေးဝန်ကြီးဌာန နိုင်ငံခြားဘာသာသင်ကြားရေးဌာနက ပြောကြားသည်။

ကျောင်းသား ၂၀ လျှင် ဆရာတစ်ဦးနှုန်းဖြင့် တွက်ဆလျှင် ဆရာပေါင်း ငါးသန်း လိုအပ်မည်ဖြစ်ကြောင်း အဆိုပါဌာနက ခန့်မှန်းသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဒီဂျစ်တယ် မီးပြတိုက်စနစ်ကြောင့် မုန်တိုင်းအန္တရာယ်မှလွတ်ကင်းခဲ့

**ရှန်ဟိုင်း မေ ၂၄**

တရုတ်နိုင်ငံ၏ ဒီဂျစ်တယ်မီးပြတိုက်စနစ်သည် လွန်ခဲ့သည့်ရက်သတ္တပတ်က ချန်ချူးအပူပိုင်းဒေသ မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က တရုတ်နိုင်ငံ ရေပိုင်နက်အတွင်းရှိ သင်္ဘောအားလုံးကို ဘေးကင်းရာသို့ ညွှန်ပြပေးနိုင်ခဲ့ရာအောင်မြင်သော စမ်းသပ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက အင်္ဂါနေ့တွင်သတင်းထုတ်ပြန်သည်။ တောင်တရုတ်ပင်လယ်၌ ယခုနှစ်အတွင်း ပထမဦးဆုံး တိုက်ခတ်ခဲ့သည့် အပူပိုင်းဒေသ မုန်တိုင်းဖြစ်သော ချန်ချူးမုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံ ကမ်းလွန်တွင် သင်္ဘော ၁၀ စင်းထက်မနည်း နစ်မြုပ်ခဲ့ပြီး ဒါဇင်ပေါင်းများစွာရှိသည့် သင်္ဘောသားများမှာ သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ရသည်။

တရုတ်နိုင်ငံ ရေကြောင်းလုံခြုံရေး ညွှန်ကြားမှုဌာန (အမ်အက်စ်အေ)က ချမှတ်ပေးထားသည့် အလိုအလျောက် စိစစ်ရေးစနစ်(အေအိုင်အက်စ်)ကြောင့် တရုတ်နိုင်ငံ ရေပိုင်နက်တွင် အသေအပျောက်အပျက်အစီး မရှိခဲ့ကြောင်း အမ်အက်စ်အေ အမှုဆောင်ညွှန်ကြားရေးမှူးချုပ် လျူဂွန်ချင်က တနင်္လာနေ့တွင် ပြောကြားသည်။

အေအိုင်အက်စ်စနစ်က ချန်ချူးမုန်တိုင်း ရွေ့လျားရာလမ်းကြောင်းရှိ သင်္ဘောများကို ကြိုတင်သတိပေးချက် ထုတ်ပြန်နိုင်ခဲ့ကြောင်း(၁၆)ကြိမ်မြောက် နိုင်ငံတကာ မီးပြတိုက် အာဏာပိုင်များအသင်းညီလာခံတွင် လျူက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



**ကမ္ဘာ့ဖလားဘောလုံးပွဲ လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံ ဖရင့်ဖတ်မြို့ လေဆိပ်တွင် ဘောလုံးပုံသဏ္ဌာန် မှန်ပြတင်း တပ်ဆင်ထားသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



တူရကီနိုင်ငံ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ကြက်ငှက်များတွင် ရောဂါ ရှိ၊ မရှိ စစ်ဆေးနေကြသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေး ပြည်သူယုံကြည်မှုကို ရယူဆောင်ရွက်ခြင်းသာ အကောင်းဆုံးဖြစ်

ဝါရှင်တန် မေ ၂၄

**ယခုအခါ ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါကို တိုက်ဖျက်ရာ၌ အတင်းအကျပ်လိုက်နာစေသည့် နည်းလမ်းမျိုးကိုမသုံးစွဲဘဲ ပြည်သူအများ၏ ယုံကြည်မှုကိုရရှိအောင် ဆောင်ရွက်ကာ လိုလိုလားလား လက်ခံလိုက်နာလာအောင် စည်းရုံးသောနည်းလမ်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ဒေါက်တာ ဒီအေ၊ ဟင်ဒါဆင်က အကြံပြုထားသည်။**

၎င်းသည် ကမ္ဘာ့လူသားများကို နှိပ်စက်ခဲ့သော ကပ်ဆိုးကြီးဖြစ်သည့် ကျောက်ကြီးရောဂါကို ပပျောက်သွားအောင် ဆောင်ရွက်ရာ၌ ပါဝင်ခဲ့သူ ပညာရှင်တစ်ဦးဖြစ်သည်။ ကျောက်ရောဂါသည် ၁၉၇၉ ခုနှစ်တွင် ကမ္ဘာပေါ်မှ ပပျောက်သွားခဲ့ပြီးဖြစ်သည်။

### အောင်မြင်ထိရောက်

လူ ထောင်ပေါင်းများစွာ တို့ကို ကျောက်ရောဂါကာကွယ်ဆေး ထိုးနှံပေးရာ၌ ရပ်ရွာအသီးသီးရှိ လူကြီးသူမများ၊ အများက အကြီးအကဲအဖြစ် လက်ခံထားကြသူများနှင့် ကျောင်းသား၊ လူငယ်များ၏ ယုံကြည်မှုရအောင် ဆောင်ရွက်ပြီးမှ ကာကွယ်ဆေးထိုးနှံပေးခြင်းသည် အောင်မြင် ထိရောက်သော နည်းလမ်းဖြစ်သည်ဟု ဟင်ဒါဆင်က ပြောကြားသည်။

ကျောက်ရောဂါ ကာကွယ်ဆေးထိုးခဲ့စဉ်က ထိုဆေးထိုးနှံရေးနှင့် ပတ်သက်၍ သံသယရှိသူ ကျေးရွာသားများက အဦးအစကာလတွင် ဆေးမထိုးလို၍ တောအတွင်းသို့ဝင်ကာ ရှောင်တိမ်းနေခဲ့ကြသောအဖြစ်များနှင့် ကြုံခဲ့ရသေးသည ်ဟု ဆိုသည်။ ကျောက်ဆေးထိုး ကျန်းမာရေးအဖွဲ့များက ရောဂါဖြစ်နေသူများကို လူအများနှင့် ထိတွေ့မှုမရှိစေရန် သီးခြားခွဲထားသည့် စနစ်များကိုလည်း သုံးခဲ့ကြသည်။ ပြည်သူများက ထိုသို့ ခွဲခြားထားသည်ကိုလည်း မလိုလားကြပေ။ သို့ဖြစ်၍ ထိုသို့ခွဲခြားထားခြင်းမခံရစေရန် ရောဂါဖြစ်ပွားနေလျှင် လူသိမခံဘဲ ဖုံးဖိထားတတ်ကြသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# မီရာပီမီးတောင် စိုးရိမ်ဖွယ်ရာ အခြေအနေလျော့ပါး

ဂျကာတာ မေ ၂၄

**အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင်သည် သက်ဝင်လှုပ်ရှားနေခဲ့ရာမှ ယခုအချိန်တွင် စိုးရိမ်ဖွယ် လှုပ်ရှားမှုမျိုး လျော့နည်းသွားကြောင်း၊ သို့သော် မီးတောင်အနီးရှိ အချို့ဒေသများတွင် အမြင့်ဆုံးသတိပေးချက်ကို ဆက်လက်ထုတ်ပြန်ထားဆဲဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၃ ရက်တွင် ပြောကြားသည်။**

မီရာပီမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားကျွန်းတွင် တည်ရှိသည်။ ထိုမီးတောင်သည် ရက်သတ္တပတ်များစွာ ပေါက်ကွဲသံကြီးများ မြည်ဟည်းလျက်လှုပ်ရှားခဲ့စဉ်က မီးတောင်သည် အချိန်မရွေး ပြင်းထန်စွာပေါက်ကွဲနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

မီးတောင်ဝန်းကျင် ဒေသတစ်ဝိုက်တွင် မေ ၁၄ ရက်က အရေးပေါ်သတိပေးချက်ထုတ်ပြန်ခြင်းနှင့် မီးတောင်အနီးရှိ ဒေသခံပြည်သူများကို ဘေးလွတ်ရာစခန်းများသို့ ချက်ချင်းပြောင်းရွှေ့ရန် ပြောကြားသည်။

သို့ရာတွင် ယခုအခါ မီးတောင်သည် စိုးရိမ်ဖွယ် အခြေအနေ မရှိကြောင်း နောက်ဆုံး ထုတ်ပြန်ကြေညာပြီးနောက် မီးတောင်အရှေ့ တောင်စောင်းအနီးမှ ပြောင်းရွှေ့နေထိုင်သူများကို ၎င်းတို့၏ နေအိမ်များသို့ ပြန်နိုင်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဆိုသည်။

မီရာပီမီးတောင်၏ အနောက်နှင့် တောင်ဘက်ပိုင်းသည် စိုးရိမ်ဖွယ်အခြေအနေများ ဆက်လက်ရှိနေသေးကြောင်း၊ အခြားနေရာများတွင် အန္တရာယ်ကင်းရှင်းကြောင်း ဂျကာတာမြို့မီးတောင်သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော် မီးတောင်ထိပ်ဝမှ ခုနစ်ကီလိုမီတာ အကွာအဝေးနေရာတွင် စိုးရိမ်ဖွယ်အခြေအနေများ ဆက်လက်ရှိကြောင်း ၎င်းကပြောကြားသည်။

ဘေးဒုက္ခသည်များသည် မိမိတို့နေအိမ်သို့ပြန်လိုလျှင်လည်း ပြန်နိုင်ကြောင်း၊ သို့မဟုတ် ဒုက္ခသည်စခန်းများတွင် နေထိုင်လိုလျှင် နေရာထိုင်ခင်း စီစဉ်ပေးမည်ဖြစ်ကြောင်း မီရာပီမီးတောင် အရှေ့ဘိုယိုလာလီဒေသလူမှုရေးဌာန အကြီးအကဲ ဆမ်ဆူဒင်းက ပြောကြားသည်။

မီးတောင် သတိပေးချက်ကြောင့် ဘိုယိုလာလီဒေသတွင် ပြောင်းရွှေ့သူ ၇၀၀၀ ခန့်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***



မကြာသေးမီက ပေါက်ကွဲခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းမှ မီရာပီ မီးတောင်ကြီး ငြိမ်သက်စပြုနေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ငါးဖမ်းလုပ်ငန်း ပြုပြင်ရေးအစီအစဉ် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောထားကွဲလွဲလျက်ရှိ

ဘရပ်ဆယ် မေ ၂၄

ငါးဖမ်းလုပ်ငန်းတွင် တိုးမြှင့်လာသည့် စရိတ်စကများ ထိန်းချုပ်နိုင်ရန်အတွက် ဥရောပသမဂ္ဂ (အီးယူ) အုပ်စု၏ ငါးဖမ်းလုပ်ငန်းပြုပြင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ အီးယူငါးလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ သဘောတူညီချက်မရရှိခဲ့ကြကြောင်း အီးယူဥက္ကဋ္ဌရုံးက ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်သည့် ဝန်ကြီး ၂၅ ဦးနှင့် ဂျာမနီ၊ ဗြိတိန်၊ ဘယ်ဂျီယံနိုင်ငံတို့မှ ဝန်ကြီးများက ဖော်ပြပါ သဘောတူညီချက်ကို ကန့်ကွက်ကြကာ ပိုလန်ဝန်ကြီးက ကြားနေသည်။ စက်တင်ဘာလအတွင်း နောက်ထပ်အစည်းအဝေးထပ်မံပြုလုပ်ရန် စီစဉ်ထားသည်။ အီးယူအဖွဲ့၏ ငါးဖမ်းလုပ်ငန်းသည် ရေနံဈေးနှုန်းများ အဆမတန် မြင့်မားနေမှုဖြင့် ကြုံတွေ့နေရပြီး ငါးရရှိမှုလျော့နည်းကာ ဝင်ငွေကျဆင်းနေသည်။ ယင်းအခြေအနေ ကုစားနိုင်ရေးအတွက် ဥရောပကော်မရှင်က ပြုပြင်ရေးလုပ်ငန်းများဖော်ဆောင်ရန် မတ်လက အဆိုပြုခဲ့သည်။ ဥရောပငါးဖမ်းလုပ်ငန်း ရန်ပုံငွေအဖွဲ့ကို လာမည့်နှစ်တွင် ထူထောင်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် မတိုင်မီကာလအတွင်း ယူရိုငွေ ၃ ဒသမ ၈ ဘီလီယံ ထည့်ဝင်သွားကြရန် သဘောတူသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***





# တောင်အာဖရိကတွင် ရေခဲမှတ်ရောက်သည်အထိ အပူချိန်ထိုးကျ

ဂျိုဟန်နက်စ်ဘတ် မေ ၂၃

တောင်အာဖရိကနိုင်ငံ အိစ်တင်းကိပ်ပြည်နယ်တွင် ရေခဲမှတ်အပူချိန် ရောက်ရှိသည်အထိ ရာသီဥတုဆိုးရွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာ အက်စ်အေဘီစီ သတင်းဌာနက မေ ၂၂ ရက်တွင် သတင်းဖော်ပြသည်။

အဆိုပါပြည်နယ်နှင့် အခြားနေရာများတွင် ရက်သတ္တပတ်ကုန်ပိုင်း၌ ဆီးနှင်းကျရောက်ပြီး ရေခဲမှတ် အပူချိန်အထိ ရောက်ရှိခဲ့သည်။ ဂျိုဟန်နက်စ်ဘတ်မြို့တွင် တနင်္လာနေ့၌ အနိမ့်ဆုံးအထိ ကျဆင်းသွားသည့် အပူချိန်အဖြစ် ဆဲလ်စီးယပ် အနုတ် ၁ ဒီဂရီအထိ ထိုးကျသွားမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ကြိုတင်ခန့်မှန်းထားသည်။ ယင်းမြို့တွင် အပူအွေးဆုံး အခြေအနေရှိ အပူချိန်အဖြစ် ၁၀ ဒီဂရီဆဲလ်စီးယပ် အထိရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဘရာဇီးတွင် အိမ်မီးလောင်၊ ကလေးငယ်ငါးဦး သေဆုံး

**ရီယိုဒီဂျနေရိုး မေ ၂၄**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိမ်တစ်လုံးမီးလောင်သဖြင့် ကလေးငယ်ငါးဦး သေဆုံးသွားကြကြောင်း၊ ရီယိုဂရန်ဒီဒိုဆူပြည်နယ် ဗာကာရီယာမြို့တွင် တနင်္လာနေ့ နံနက်ပိုင်းက မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

အသက်တစ်နှစ်မှ ခြောက်နှစ်အတွင်းရှိ ကလေးငယ်ငါးဦးကို အသက် (၁၃) နှစ်ရှိ အစ်ကိုအကြီးဆုံးက ၎င်း၏ မိခင်မရှိခိုက် စောင့်ရှောက်ထားခြင်းဖြစ်သည်။ အစ်ကိုအကြီးဆုံးသည် မီးဘေးမှ လွတ်ကင်းခဲ့ပြီး အသက်ချမ်းသာရာရသွားသည်။

မီးလောင်နေစဉ် ကလေးငယ်များ၏ မိခင်သည် မြို့လယ်တစ်နေရာတွင် အိမ်ဖော်အဖြစ် သွားရောက် အလုပ်လုပ်ကိုင်နေသည်။

မီးလောင်သည့် အကြောင်းရင်း ဓာတ်မြစ်မှာ ဖယောင်းတိုင်ထွန်းရင်း မီးကူးစက်ကာ လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာ မီးသတ်ဌာနက ပြောကြားသည်။

### မီးလောင်ကျွမ်း

၎င်းတို့နေထိုင်ရာ ဒေသသည် အအေးလွန်ကဲမှုကြောင့် အပူရှိန်ရရှိစေရန် မီးမွေးရင်းဖြင့် ယင်းသို့ မီးလောင်ကျွမ်းဖွယ်ရှိသည်ဟုဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# အီတလီလေတပ်မှ ဂျက်တိုက်လေယာဉ်နှစ်စင်း ကောင်းကင်တွင် တိုက်မိ

**ရောမ မေ ၂၄**

အီတလီနိုင်ငံ ဆာဒီးနီးယားကျွန်း၏ ကမ်းလွန်တစ်နေရာတွင် အီတလီလေတပ်မှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်နှစ်စင်း ကောင်းကင်ယံတွင် တိုက်မိကြကြောင်း၊ သို့ရာတွင် လေယာဉ်မှူးများသည် လေယာဉ်အပြင်ဘက်သို့ ဘေးမသီရန်မခ ထွက်နိုင်ခဲ့ကြောင်း အီတလီမှ အန်ဆာသတင်းဌာနက အင်္ဂါနေ့တွင်ဖော်ပြသည်။

အထက်ပါ တိုက်လေယာဉ်နှစ်စင်းသည် တနင်္လာနေ့ညနေပိုင်းက ဝေဟင်တွင်တိုက်မိကြပြီး ဆာဒီးနီးယားကမ်းလွန်တစ်နေရာ မြေထဲပင်လယ်အတွင်း ပျက်ကျသွားခဲ့သည်ဟု အီတလီကာကွယ်ရေးဌာနကို ကိုးကား၍ အန်ဆာသတင်းဌာနက ဆက်လက်ဖော်ပြသည်။ စစ်ရေးလေ့ကျင့်မှုပြုလုပ်စဉ်အတွင်း တိုက်မိကာပျက်ကျခဲ့ခြင်းဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုကို မေ ၈ ရက်မှ စတင်ပြုလုပ်ခဲ့ပြီး စနေနေ့တွင်ပြီးဆုံးမည်ဖြစ်သည်။ အီတလီနှင့် ဥရောပဒေသရှိ နိုင်ငံများမှ တပ်ဖွဲ့ဝင် ၁၀၀၀ ပါဝင်လေ့ကျင့်ခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ကင်မရွန်းနိုင်ငံ ဘေးမဲ့တောအတွင်း အာဖရိက စွယ်စုံဆင်ကြီးတစ်ကောင်ကို မေ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျင်းပ

ရန်ကုန်　　မေ　　၂၅

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားသည်။**

ထို့နောက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပညာရေးမှူး ဦးမင်းစိန်က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအတွက် ဒေါက်တာဒေါ်ချယ်ရီဝိုင်းက ငွေကျပ် ၁၀သိန်း၊ ဦးတင်အောင်စီ၊ ဦးစောဒယ်နီရယ်နှင့် ဦးအောင်မင်း-ဒေါ်ညိုညိုလွင် တို့က ငွေကျပ်ငါးသိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၃၃သိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့က လက်ခံကြသည်။

### ကြည့်ရှု

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးအေးကြူနှင့် ရန်ကုန်အရှေ့ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရှိန်တို့က ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်း နှင့် စာရေးကိရိယာများကို ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းအုပ်ကြီး ဦးလှချောက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်များသည် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံနေမှုနှင့် ကျောင်းဝင်လက်ခံနေမှုတို့ကို လိုက်လံ ကြည့်ရှုကြသည်။　　(သတင်းစဉ်)

**ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား၊ တစ်ဦးအား ကျောင်းသုံးပစ္စည်းနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



# ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ရေခဲဆိုင်မှတ်တိုင်အနီးရှိ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်တွင် ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစက)ဦးဆောင်၍မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော် တစ်ဆူ ပြုလုပ်လျက်ရှိရာ မေ ၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မန္တလေးလမ်းနေ ဦးဘသောင်း-ဒေါ်သိန်းရွှေ၊ သမီး မခင်တည်၊ ပုဇွန်တောင်မြို့နယ် ရေကျော် (၇)ရပ်ကွက် ဦးရွှေဂွမ်းလမ်း (လမ်းတို) နေ မောင်မင်းသူ၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ် (၃၁)ရပ်ကွက် စစ်တောင်းလမ်း နေ ဗိုလ်ကြီး ခင်မောင်စိုး-ဒုရဲအုပ် ဒေါ်ခင်မာအေး မိသားစု၊ ကမာရွတ် မြို့နယ် အင်းစိန်လမ်းမနေ ဒေါ်မော်လီ မိသားစု၊ ကွယ်လွန်သူ မိဘနှစ်ပါးကို ရည်စူး၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နေ ဦးသိန်းလွင်-ဒေါ်ခင်မေသန်း မိသားစု၊ ကွယ်လွန်သူ မိဘနှစ်ပါးတို့အား ရည်စူး၍ စမ်းချောင်းမြို့နယ် ဆီဆုံလမ်းနေ ဒေါက်တာ ဦးအောင်မင်းဦး (အထူးကု ဆရာဝန်ကြီး၊ ဓာတ်မှန်) - ဒေါ်နီနီလှိုင်၊ သား ဗိုလ်လောင်းဇော်ရဲနိုင် မိသားစု တို့က ကြေးပြားတစ်ချပ်စီနှင့် ဘိုးဘွားများအား ရည်စူး၍ ရန်ကုန်မြို့နေ ဒေါက်တာတင်ငွေ-ဒေါက်တာ ယုယုဌေး မိသားစုက ကြေးပြားနှစ်ချပ်တို့ကို လာရောက်လှူဒါန်းကြောင်း သိရသည်။

(က-ပ)

# ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန်　မေ　၂၅**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်နှင့်အောက် လူငယ် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)က မကွေးတိုင်းကို ၅၅မှတ်၊ ၂၁မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက ပဲခူးတိုင်းကို ၆၄မှတ်၊ ၃၄မှတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ၆၂မှတ်၊ ၁၇မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ဧရာဝတီတိုင်းကို ၇၁မှတ်၊ ၁၄မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ၃၉မှတ်၊ ၆မှတ်ဖြင့် လည်းကောင်း၊ မကွေးတိုင်းက မန္တလေးတိုင်းကို ၃၆မှတ်၊ ၃၄မှတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကို ၃၂မှတ်၊ ၆မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

### ယနေ့ပွဲများ

**(အမျိုးသားပွဲ)**

ကယားပြည်နယ်နှင့် မန္တလေးတိုင်း
မကွေးတိုင်းနှင့် တနင်္သာရီတိုင်း
ရန်ကုန်တိုင်းနှင့် ကရင်ပြည်နယ်

**(အမျိုးသမီးပွဲ)**

မန္တလေးတိုင်းနှင့် မွန်ပြည်နယ်
ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း
မကွေးတိုင်းနှင့် ရန်ကုန်တိုင်း
တနင်္သာရီတိုင်းနှင့် စစ်ကိုင်းတိုင်း

ယင်းပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ရက် (ယနေ့)နံနက် ၉နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

## ကြေးမုံ The Mirror — အင်တာနက် သတင်းများ

# ချောကလက်စားသုံးခြင်းဖြင့် ဉာဏ်ရည်စွမ်းအားကို တိုးမြှင့်ပေး



**ချောကလက်ကုန်ကြမ်းများဖြစ်သည့် ကိုကိုးစေ့များကို နိုင်ဂျီးရီးယားနိုင်ငံ၌ အခြောက်ခံနေလှန်းနေသည်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**နယူးယောက် မေ ၂၅**

ချောကလက်နှင့်ပတ်သက်၍ သိပ္ပံပညာရှင်တစ်စု၏ လေ့လာတွေ့ရှိချက်သည် ချောကလက် ကြိုက်တတ်သူများအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ကြောင်း၊ နို့ချောကလက်သည် ဦးနှောက်၏ လုပ်ဆောင်မှုစွမ်းအားကို တိုးတက်စေကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု သတင်းများက ဖော်ပြသည်။

ချောကလက်တွင် ဦးနှောက်၏ အာရုံကို လှုံ့ဆော်ပေးသော ဓာတ်ပစ္စည်း အများအပြား ပါဝင်သည်။ ထိုပစ္စည်းများတွင် သီရိုဘရိုမင်း၊ ဖီနီသာလမင်းနှင့် ကဖင်း စသည့်ပစ္စည်းများ ပါဝင်သည်ဟု အနောက်ဗာဂျီးနီးယားနယ်ဗိုးလင်းဂျီဆွတ်တက္ကသိုလ်မှ ဒေါက်တာ ဘရိုင်ယင် ရှုဒင်ဘုရှ်က ပြောကြားသည်။

အထက်ဖော်ပြပါ ဓာတ်ပစ္စည်းများသည် စိတ်အာရုံကို နိုးကြားစေသော သတ္တိကို ပေးစွမ်းနိုင်သည့်အပြင် အာရုံစူးစိုက်နိုင်မှုစွမ်းအားကိုလည်း ကောင်းစေသည်ကိုပါ ယခင်လေ့လာမှုများအရ သိရှိထားကြပြီးဖြစ်သည်။ သို့ဖြစ်၍ အဆိုပါဓာတ်ပစ္စည်းများ ပါဝင်သော ချောကလက်ကို စားသုံးခြင်းဖြင့် အာရုံနိုးဆွပေးမှုကို ခံစားရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဉာဏ်ရည်ပိုင်းဆိုင်ရာ စွမ်းဆောင်မှုကိုလည်း မြင့်တက်လာစေသည့်အကျိုးသတ္တိကို ခံစားရနိုင်သည်ဟု ၎င်းက ဆိုသည်။

ချောကလက် အမျိုးမျိုးသည် မည်သည့် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေနိုင်သည်ကို သိရှိရန် ချောကလက်အမျိုးအစား အမျိုးမျိုး သုံး၍ စမ်းသပ်ခဲ့သည်။ စမ်းသပ်ရာ၌ စေတနာအလျောက် စမ်းသပ်ခံလိုသူများ၏ အကူအညီကိုရယူကာ စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ နို့ချောကလက်၊ အနက်ရောင် ချောကလက်နှင့် ကာရော့ဗ် ချောကလက် သုံးမျိုးကို ၈၅ ဂရမ်စီ စားသုံးစေပြီး ထိန်းချုပ်ထားသော အခြေအနေအောက်တွင် လေ့လာမှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ချောကလက် စားသုံးပြီး အချိန်အတန်ကြာလာသောအခါ ထိုလူများကို ကွန်ပျူတာစနစ် အခြေခံ၍ စီစဉ်ထားသော ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ စမ်းသပ်မှုများကို ပြုလုပ်ခဲ့သည်။ ဤနေရာတွင် ချောကလက် စားသုံးထားသူများ၏ မှတ်မိနိုင်စွမ်း၊ သတိရနိုင်စွမ်း၊ အာရုံစိုက်နိုင်စွမ်း၊ တုံ့ပြန်နိုင်စွမ်းနှင့် ပြဿနာ အခက်အခဲ ဖြေရှင်းနိုင်စွမ်း စသည်များကို ဆန်းစစ်လေ့လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အထက်ပါ လေ့လာမှုအရ နို့ချောကလက် စားသုံးမှုက အခြား ချောကလက်နှစ်မျိုး စားသုံးထားသော အခြေအနေထက် ပို၍ ဉာဏ်ရည်စွမ်းအား မြင့်မားသည်ကို လေ့လာတွေ့ရှိရသည်ဟု ရှုဒင်ဘုရှ်က ပြောကြားသည်။　**အင်တာနက်။**

# လင်းတငှက်များကို သေစေသည့်ကျွဲနွားကုသဆေး သုံးစွဲခြင်းမပြုရန် အိန္ဒိယနိုင်ငံတွင်ပိတ်ပင်

နယူးဒေလီ　　မေ　　၂၅

**ကျွဲနွားတိရစ္ဆာန်များ အရောင်ကျစေရန် သုံးစွဲရသောဆေးသည် လင်းတငှက်များကို သေစေကြောင်းလေ့လာတွေ့ရှိရသည့်အတွက် ယခုအခါ ထိုဆေးကို ထုတ်လုပ်သုံးစွဲခြင်းမပြုရန် အိန္ဒိယအာဏာပိုင်များက ပိတ်ပင်လိုက်ပြီဖြစ်သည်။**

လင်းတငှက်များသည် အကျည်းတန်အရုပ်ဆိုးလှသော်လည်း ကျေးလက် တောရွာ ပတ်ဝန်းကျင်တွင် တွေ့ရသော တိရစ္ဆာန်အသေကောင်များကို စားသုံးပစ်ခြင်းဖြင့် လူ့ပတ်ဝန်းကျင်သန့်ရှင်းရေးကို အကျိုးပြုလျက်ရှိသည်။

နှုတ်သီးရှည်ပြီး ကျောကုန်းအဖြူရောင်ရှိသော အာရှလင်းတကောင်ရေမှာ ၁၅နှစ်တာကာလအတွင်း ၉၀ ရာခိုင်နှုန်းကျော်အထိ သိသာစွာကျဆင်းလာသည့်အတွက် မျိုးတုံးပျောက်ကွယ်မည့်အန္တရာယ်ပင်ရှိနေကြောင်း သိပ္ပံပညာရှင်များက သတိပေးသည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း ကျွဲနွားများကို ကုသရာ၌ သုံးစွဲသော ဒိုင်ကလိုဖီနက်ဆေးကြောင့်ဖြစ်ရသည်ကို သိရှိထားကြပြီးလည်းဖြစ်သည်။

ထိုဆေးသည် လင်းတများ၏ အသည်းကို ထိခိုက်ပျက်စီးစေသည့် အတွက် လင်းတများသေဆုံးရခြင်းဖြစ်သည်။ သို့ဖြစ်၍ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်သော ကုမ္ပဏီများကို ဒိုင်ကလိုဖီနက် ဆေးဝါးထုတ်လုပ်ခြင်းမပြုရန်နှင့် ရောင်းချခြင်းလည်း မပြုလုပ်ရန်ပါ အိန္ဒိယအာဏာပိုင်များက တားမြစ်လိုက်ခြင်းဖြစ်သည်။

ယခုပိတ်ပင်လိုက်သော ဆေးဝါးနေရာတွင် တိရစ္ဆာန်များကို ကုသရာ၌ သုံးစွဲရန် မီလိုဇီကမ်ဆေး (Meloxicam) ကို အစားထိုးသုံးစွဲရန် သက်ဆိုင်ရာများက တိုက်တွန်းထားသည်။ မီလိုဇီကမ်ဆေးသည် လင်းတငှက်များကိုသေစေသော အာနိသင်မရှိကြောင်းသိရသည်။　**အင်တာနက်။**



**မျိုး တုံး တော့ မည့် လင်းတ တစ်ကောင်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ - အင်တာနက်)





**အမှာစကား ပြောကြား**

**လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် တွံတေးတံတား ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများနှင့်အတူ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အုံနှင့်ကျင်းနှင့်ပေါ်ထွန်း

✼ **ကျောဖုံးမှ**

ကျေးရွာများအားလုံးကို ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် လှိုင်သာယာစက်မှုမြို့နှင့် ဆက်စပ်ပေးနိုင်ရန် ရည်စူးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာနှင့် မဆုတ်နစ်သည့် အားထုတ်မှုများ လက်တွေ့ ရုပ်လုံးပေါ်လာပြီဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

လှိုင်မြစ်ကူးတံတားကြီးများဖြစ်သည့် ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့၏ အကျိုးကျေးဇူးကြောင့် ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာနေသည့် လှိုင်သာယာစက်မှုမြို့၏ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်သည် ယခုပေါ်ထွန်းလာပြီဖြစ်သည့် တွံတေးတံတားကြီးနှင့်တကွ ဒလ-တွံတေး-လှိုင်သာယာ လမ်းမကြီးက ဖြတ်သန်းပြီး ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း မြို့နယ်များနှင့် လမ်းခရီးဝန်းကျင်က ကျေးရွာများအားလုံးကို အကျိုးဖြစ်ထွန်းစေမှာ ဧကန်မလွဲပင်ဖြစ်ကြောင်း။

ထို့အပြင် တွံတေး-ကွမ်းခြံကုန်းကတစ်ဆင့် ဒေးဒရဲတံတားကြီးကို ဖြတ်သန်းပြီး ဧရာဝတီတိုင်းနှင့် ဆက်စပ်မိပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းအဖို့ ထွက်ပေါက်တစ်ခု တိုးပွားလာခြင်းဖြစ်သကဲ့သို့ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး မြို့နယ်များအနေဖြင့် ရန်ကုန်မြို့သို့ အလွယ်တကူ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း။

**တစ်သားတည်းဆက်စပ်မိ**

ထို့ကြောင့် ဧရာဝတီတိုင်းအနေဖြင့်ကြည့်ပါက ထွက်ပေါက်အသစ်တစ်ခုဖြစ်သည့် ဒေးဒရဲ-ကွမ်းခြံကုန်း-တွံတေး-လှိုင်သာယာ လမ်းကတစ်ဆင့် ရန်ကုန်မြို့သို့ ကုန်စည်များ၊ ခရီးသည်များ လွယ်လင့်တကူ ပို့ဆောင်သွားလာနိုင်မည် ဖြစ်သည့်အပြင် မူလတည်ရှိပြီး ထွက်ပေါက်တစ်ခုဖြစ်သည့် မအူပင်-လှိုင်သာယာ-ရန်ကုန် အမှတ်(၅) ပြည်ထောင်စုလမ်းမကြီးနှင့်ပါ တစ်သားတည်း ဆက်စပ်မိသည့် အခြေအနေကို ရောက်ရှိသွားပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ဧရာဝတီတိုင်း၏ ထွက်ပေါက်နှစ်ခု ဆက်စပ်မိသည့်အခြေအနေတွင် ဧရာဝတီတိုင်း၏ တောင်ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များအကြား၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့အကြား ကုန်စည်ကူးသန်းမှု၊ ခရီးသည်များ ကူးသန်းသွားလာမှုတို့ သိသိသာသာ ထူးထူးခြားခြား တိုးပွားလာမည်ဖြစ်သည့်အတွက် ယခုတိုးတက်ဖြစ်ထွန်းမှုများ၏ အကျိုးရလဒ်များကို ဒလ-တွံတေး-ကွမ်းခြံကုန်းမြို့နယ်များနှင့်တကွ လမ်းခရီးတစ်လျှောက်က ဒေသခံပြည်သူများပါ ရရှိခံစားကြရမှာ အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အဟန့်အတား အနှောင့်အယှက်အဖုံဖုံကို ကျော်လွှားပြီး ကိုယ့်အင်ကိုယ့်အားဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေရသည့် အချိန်အခါကာလဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားများစွာ စိုက်ထုတ်ရင်းနှီးဆောင်ရွက်သည့် မြစ်ကူးချောင်းကူးတံတားကြီးများနှင့်တကွ လမ်းမကြီးအသွယ်သွယ်ကို ယခင်ခေတ်ကာလက ချောင်ကျသည်ဟုဆိုကာ ပစ်ပယ်ထားခဲ့သည့် ယခုကဲ့သို့ နေရာဒေသမျိုးများတွင် နိုင်ငံတော်အစိုးရအနေဖြင့် တကူးတက လိုက်လံဆောက်လုပ်ပေးနေခြင်းသည် သာမန်စေတနာမျိုး၊ သာမန်အားထုတ်မှုမျိုး မဟုတ်ဘူးဆိုသည်ကို ဒေသခံပြည်သူများ သိမြင်နားလည် သဘောပေါက်ကြစေလိုကြောင်း။

**ကြိုးပမ်းတည်ဆောက်ပေးနေ**

လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့် နေရာဒေသများက ဒေသခံပြည်သူများကို သွားရေးလာရေး လွယ်ကူစေရန်၊ ရောင်းပန်းဝယ်ပန်းတိုးတက်စေရန်၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး စီးပွားရေး၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တစ်ဆက်တည်းမှာပင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများပါ တိုးမြင့်လာစေရန်ဆိုသည့် စိတ်ရင်းစေတနာမှန်ဖြင့် ယခုကဲ့သို့ လမ်းမကြီးများ၊ တံတားကြီးများကို ငွေကြေးနှင့်လူအင်အား၊ စက်ယန္တရားအင်အားနှင့် အတတ်ပညာစွမ်းအားများစွာ ရင်းနှီးမြှုပ်နှံပြီး ကြိုးပမ်းတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး သဟဇာတဖြစ်စွာ ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ကွင်းကျန်နေသည့်ဒေသများ လျော့နည်း ပပျောက်စေရန်အတွက် ဒေသဖွံ့ဖြိုးရေး စီမံကိန်းကြီးများဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤစီမံကိန်းကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများ တိုးတက်ဖြစ်ထွန်းလာခြင်းနှင့်အတူ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများသည် အုံနှင့်ကျင်းနှင့် စုဖွဲ့ပေါ်ထွန်းလာလျက် ရှိနေပြီဖြစ်ကြောင်း။

**ဦးစီးဦးဆောင်ပြု**

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးအထူးစီမံကိန်းကြီးများ အပါအဝင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံ စီမံကိန်းများကို အချက်အချာကျသည့် နေရာဒေသများ၌ ဖြန့်ကြက်တည်ဆောက်ပေးသွားရန်၊ ဒေသတစ်ခုချင်း၏ လိုအပ်ချက်များကို ဆန်းစစ်သုံးသပ်ပြီး အထူးပြုဆောင်ရွက်ပေးရမည့် ဖွံ့ဖြိုးရေး အခြေခံ အဆောက်အအုံများကို ဒေသအလိုက် အထူးပြုဆောင်ရွက်ပေးနိုင်ရန် ကိုယ်တိုင်ဦးစီးဦးဆောင်ပြုပြီး လမ်းညွှန်ပေးလျက်ရှိကြောင်း။**

**ယင်းလမ်းညွှန်ချက်များနှင့်အညီ ရန်ကုန်တိုင်းအတွင်းတွင် တည်ရှိပြီး ရန်ကုန်မြို့နှင့် နီးကပ်လှသော်လည်း လှိုင်မြစ်ကြီးခြားနေခဲ့သည့် ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း၊ လှိုင်သာယာမြို့နယ်များကို ရန်ကုန်မြို့နှင့် ဆက်စပ်မိစေရအောင် ယခုကဲ့သို့ တံတားကြီးများ၊ လမ်းမကြီးများကို မဟာဗျူဟာကျကျ အစီအစဉ်ရှိရှိ ဆက်စပ်ဖောက်လုပ် တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း။**

**အကွက်ချတည်ဆောက်ပေးခဲ့**

ခေတ်အဆက်ဆက်တွင် ဘိုးစဉ်ဘောင်ဆက် ရေလမ်းခရီးနှင့် ကူးတို့များကိုသာ အဓိကအားကိုးပြီး ခက်ခဲပင်ပန်းကြီးစွာ သွားလာခဲ့ကြရသည့် ဧရာဝတီတိုင်းအတွင်းက မြို့နယ်များအပြင် ယခုဆိုလျှင် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များပါ မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် တစ်အုံတစ်မ စုဝေးအကွက်ချ တည်ဆောက်ပေးခဲ့သည့် မြစ်ကူးချောင်းကူး တံတားကြီးများနှင့် လမ်းမကြီးများ၏ အကျိုးကျေးဇူးကြောင့် နောင်သားစဉ်မြေးဆက်တိုင် ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာ ဆက်သွယ်ဆက်ဆံသွားလာနိုင်နေပြီ ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ခေတ်သစ်တစ်ခေတ်ကို ပြောင်းလဲပေးလိုက်ခြင်းပင်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီးတစ်ရပ်လုံးကိုလည်း ခေတ်သစ်တစ်ခုကို ညင်သာသိမ်မွေ့ချောမောစွာ ကူးပြောင်းနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရုပ်လုံးဖော် တည်ထောင်ပေးလျက်ရှိရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဦးတည်ချက်ရှိရှိ ပေါင်းစပ်စီမံ တည်ဆောက်ပေးလျက်ရှိကြောင်း။

**အခိုင်အမာရုပ်လုံးပေါ်**

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ တစ်သားတည်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေမှု စွမ်းအားကောင်းများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် နိုင်ငံရေးအခြေခံကောင်းများ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးအခြေခံကောင်းများ၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းမှုစိတ်ဓာတ်တို့ကို အခြေခံသည့် လူမှုရေးအခြေခံကောင်းများသည်လည်း အခိုင်အမာရုပ်လုံးပေါ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ကြီး ဘက်စုံကဏ္ဍစုံ နယ်ပယ်စုံတွင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများလည်း တိုးတက်ခိုင်မာနေပြီဖြစ်ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☼

**လှိုင်မြစ်ကူးတံတားကြီးများဖြစ်သည့် ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့၏ အကျိုးကျေးဇူးကြောင့် ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာနေသည့် လှိုင်သာယာစက်မှုမြို့၏ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်သည် ယခုပေါ်ထွန်းလာပြီဖြစ်သည့် တွံတေးတံတားကြီးနှင့်တကွ ဒလ-တွံတေး-လှိုင်သာယာ လမ်းမကြီးက ဖြတ်သန်းပြီး ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း မြို့နယ်များနှင့် လမ်းခရီးဝန်းကျင်က ကျေးရွာများအားလုံးကို အကျိုးဖြစ်ထွန်းစေမှာ ဧကန်မလွဲပင်ဖြစ်။**

**ထို့အပြင် တွံတေး-ကွမ်းခြံကုန်းကတစ်ဆင့် ဒေးဒရဲတံတားကြီးကို ဖြတ်သန်းပြီး ဧရာဝတီတိုင်းနှင့် ဆက်စပ်မိပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းအဖို့ ထွက်ပေါက်တစ်ခု တိုးပွားလာခြင်း ဖြစ်သကဲ့သို့ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး မြို့နယ်များအနေဖြင့် ရန်ကုန်မြို့သို့ အလွယ်တကူ ကူးသန်းသွားလာနိုင်တော့မည်။**

# ...နှံသည့်ရပ်တည်ချက်မှ ပေါက်ဖွားလာ ...းရေးဘဝ မြင့်မားအောင်ဆောင်ရွက်





လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တံတားနှစ်စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်၌ တည်ဆောက် ပြီးစီးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၁၅ စင်း ရှိသွားပြီဖြစ်ကြောင်း။

ထို့အပြင် ပေ ၂၀ မှ ပေ ၁၀၀ အတွင်းရှိ တံတားများ ၁၈၁၁ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ အတွင်းရှိ တံတား ၂၃၃ စင်းတို့ကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် တည်ဆောက်ပေးထားသော တံတားများ၊ လမ်းများ ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### အန္တရာယ်များကျော်လွှားနိုင်

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဒေါက်တာသိန်းဇော်မြင့်က နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားရာတွင် ဤတွံတေးတံတားကြီးမရှိမီက မိမိတို့အနေဖြင့် တွံတေးတူးမြောင်းအတွင်း ဖြတ်သန်းသွားလာ၍ ရောင်းဝယ်ဖောက်ကားခဲ့ကြရသဖြင့် နှောင့်နှေးကြန့်ကြာခဲ့ရသည့်အပြင် တစ်ခါတစ်ရံ ဘေးအန္တရာယ်များနှင့်ပင် ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းအန္တရာယ်များကို ကျော်လွှားနိုင်သည့် တွံတေးတူးမြောင်းကူး တံတားကြီးတစ်စင်းဖြစ်ပေါ်လာစေရန် စိတ်ကူးဖြင့် ဆုတောင်းမျှော်လင့်ခဲ့ရာ ယင်းစိတ်ကူးနှင့် မျှော်လင့်ချက်များသည် ယနေ့ လက်တွေ့ဖြစ်ပေါ်လာပြီဖြစ်၍ မိမိတို့ ပြည်သူများအနေဖြင့် ကြည်နူးဝမ်းသာမဆုံး ဖြစ်ကြရပါကြောင်း၊ တွံတေးတံတားကြီး တည်ဆောက်ပေးခဲ့ခြင်းအတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအား ဒေသခံပြည်သူများကိုယ်စား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး တွံတေးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်မည့်နေရာ၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က တွံတေးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီးနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တံတားစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### အမွှေးနံ့သာပက်ဖျန်း

ထို့နောက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တွံတေးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တွံတေးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ဖွင့်ပွဲအခမ်းအနားသို့

### ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တွံတေးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်ကြပြီး တွံတေးတံတား ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### သံမဏိ ကြိုးဆိုင်းတံတား

တွံတေးတံတား၏ ပင်မတံတားမှာ အပေါ်ထည် သံမဏိ ကြိုးဆိုင်းတံတား အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ် တံတားအမျိုးအစားများဖြစ်သည်။

ပင်မတံတားအရှည်ပေ ၈၄၀၊ ချဉ်းကပ်တံတား တစ်ဖက်လျှင် ၁၃၆၅ပေစီရှိပြီး စုစုပေါင်း ပေ ၃၅၇၀ ရှည်သည့် တံတားကြီးဖြစ်သည်။

တံတား၏ ယာဉ်သွားလမ်းမှာ ၂၈ ပေ အကျယ်ရှိ နှစ်လမ်းမောင်း ယာဉ်သွားလမ်းဖြစ်သည်။ တံတားပေါ်၌ တစ်ဖက်လျှင် လေးပေစီ ကျယ်သည့် လူသွားလမ်းပါရှိသည်။

တံတား၏ ရေလမ်းကင်းလွတ် အမြင့်မှာ ၄၅ပေရှိပြီး ရေလမ်းကင်းလွတ်နယ် အကျယ်မှာ ပေ ၇၀၀ ရှိသည်။ တွံတေးတံတားမှာ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားကြီးဖြစ်သည်။

(သတင်းစဉ်)

စုစုပေါင်း ပေ ၃၅၇၀ ရှည်သည့် တွံတေးတံတားကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)




**...က တည်ဆောက်ပေးခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားကြီးများအနက် ရန်ကုန်တိုင်း ...ည်ဆောက်ဖွင့်လှစ်ပြီးသော တံတားကြီးစုစုပေါင်းမှာ ၂၅ စင်းရှိကာ ယခုဖွင့်လှစ်သည့် ...တားကြီးသည် ၂၆ စင်းမြောက် တံတားဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း ပဲခူးမြစ်ကို ...ဖောက်လုပ်သော အမှတ်(၂) သန်လျင်တံတား၊ ငမိုးရိပ်ချောင်းကို ဖြတ်သန်းဖောက်လုပ် ...ကြည်တံတားနှင့် ခရမ်းချောင်းကို ဖြတ်သန်းဖောက်လုပ်သော ခရမ်းချောင်းတံတား ဆက်လက်တည်ဆောက်ပေးလျက်ရှိ။**

**...စက်မှုဇုန် အမှတ်(၅) လမ်းမကြီးမှ ဒလ–တွံတေး ကားလမ်းကို ဆက်သွယ်သည့် တွံတေးတူးမြောင်းကို ဖြတ်သန်းဖောက်လုပ်ထားသော တွံတေးတံတားကြီး ဖွင့်လှစ်လိုက် ...က် ရန်ကုန်မြို့တော်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်မြို့နယ်များသို့ ယခင်က လူကူးဇက်ရေ ...ဉ်ကူးဇက်ရေယာဉ်၊ စက်တပ်သမ္ဗန်တို့ဖြင့်သာ ဖြတ်သန်းသွားလာရာမှ ယခု မော်တော် ...ဖြင့်ပါ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ကြပြီ။**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တွံတေးတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

# အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့တွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသော အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက နိုင်ငံတော်က ချမှတ်တာဝန်ပေးထားသော အားကစား မူဝါဒများနှင့်ပတ်သက်၍ လည်းကောင်း၊ အားကစားဝန်ကြီးဌာန၏ မူဝါဒများ၊ စီမံချက်သုံးရပ်ဖြစ်သော ရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ အောင်နိုင်ရေးစီမံချက် များ ယခုထက် ပိုမိုတိုးတက်အောင်မြင်လာအောင် မိမိတာဝန်ကျရာဒေသများ အလိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ကိစ္စများနှင့် ပတ်သက်၍လည်းကောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးမှ ဆုံးဖြတ်ချက်များကိုတင်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ်နှင့် တိုင်းများအလိုက် လုပ်ငန်းတာဝန် ထမ်းဆောင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးက ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ်အတွက် အားကစား ဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဝန်ထမ်းသားသမီး များအား ပညာသင်ထောက်ပံ့ကြေးအဖြစ် မူလတန်းအဆင့် ၅၇၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် ၄၉၉ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အထက်တန်း အဆင့် ၂၄၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့်လည်းကောင်း၊ တက္ကသိုလ်အဆင့် ၂၂၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့်လည်းကောင်း စုစုပေါင်း ၁၅၄၅ ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေ ကျပ် ၃၁၅၄၅၀၀ ကို လည်းကောင်း ပြည်နယ်နှင့်တိုင်း အားကစားနှင့် ကာယပညာ ဦးစီးဌာနများ အတွက် အားကစားဝတ်စုံများကိုလည်းကောင်း သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ပေးအပ်လိုက်သည်။ (သတင်းစဉ်)

# ကျောင်းအပ်နှံရေးသီတင်းပတ်အခမ်းအနား နေပြည်တော်၌ကျင်းပ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ မှာကြား

နေပြည်တော် မေ ၂၅

**၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်ကျောင်းအပ်နှံရေး သီတင်းပတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးလွင်နှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူကလေးများက ကျောင်း အပ်နှံရေးနေ့သီချင်းကို သီဆို၍ အခမ်း အနားကို ဖွင့်လှစ်သည်။

**အမှာစကား**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် ကျောင်းအပ်နှံ ရေး သီတင်းပတ် လှုပ်ရှားမှုဆိုင်ရာ ဆောင်ရွက်မှုများနှင့် ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်နေမှု အခြေ အနေများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ပျဉ်းမနားမြို့ မြို့နယ် ပညာရေးမှူး ဦးလှထူးက မြို့နယ် အတွင်း ကျောင်းအပ်နှံရေးနေ့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် စာရေး ကိရိယာ၊ ကျောင်းသုံးပုံနှိပ်စာအုပ် နှင့် ကျောင်းဝတ်စုံများကို အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ စေတနာရှင်အလှူရှင် များက အလှူငွေများ အသီးသီး ပေးအပ် လှူဒါန်းကြရာ ဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မှ ကျောင်းသူကလေးများက မြန်မာ့ ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြ ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ သည် ကျောင်းအတွင်း အတန်းအလိုက် ကျောင်းသား၊ ကျောင်းသူများ ကျောင်း အပ်နှံမှုအခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးကြပြီး ဝန်ကြီးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်ရှိ အမှတ်(၆) အခြေခံ ပညာအထက်တန်းကျောင်းသို့ဆက်လက် သွားရောက်ပြီး ကျောင်းခန်းမ၌ ဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာ၊ ကျောင်းသုံးပုံနှိပ် စာအုပ်နှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးသည် အဆိုပါ ကျောင်း၌ မာတီမီဒီယာ စာသင်ခန်း တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ရှိ အမှတ်(၅) အခြေခံ ပညာအထက်တန်း ကျောင်းသို့ သွား ရောက်၍ ဆရာ၊ ဆရာမများ၊ ကျောင်း သားမိဘများ၊ ကျောင်းသား၊ ကျောင်း သူများအား တွေ့ဆုံ အားပေးကာ တာဝန်ရှိသူများနှင့်အတူ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာ၊ ကျောင်းသုံး ပုံနှိပ်စာအုပ်နှင့် ကျောင်း ဝတ်စုံများကို ထောက်ပံ့ပေးအပ်ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေး သည်။ (သတင်းစဉ်)



၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ် တင်ပွဲအခမ်းအနားကို မေ ၂၅ ရက်က တာမွေမြို့နယ် အမှတ် (၃) အခြေခံ ပညာအထက်တန်းကျောင်းတွင် ကျင်းပရာ တာမွေကြီး (ခ)ရပ်ကွက် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ပညာရေး)

**မူးယစ်ဆေးကိုပစ်**

**ပန်းတိုင်သစ်**

**ခိုတ်သစ် လူသစ်**

**ဘဝသစ်**

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၆)

World No-Tobacco Day

(31-5-2006)

**"ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား။ အသက်အန္တရာယ်သတိထား တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား"**

Tobacco;deadly in any form or disguise

**ကျန်းမာရေးဝန်ကြီးဌာန**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆-၅-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၂၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၅** ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၅၀** ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၅:၁၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၂၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံ့တကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၄။ စောင့်မျှော်ရှုစားကြီးဝိုင်းစကား
- **၆:၅၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၂၉)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သတ္တိဗျတ္တိ"(၃)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်း

ရန်ကုန် မေ ၂၅

**ကျေးလက်ပြည်သူများ အသိဉာဏ်ဗဟုသုတတိုးတက်မြင့်မားစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အထ ပွားများလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝါးနက်ကုန်းစံပြကျေးရွာရှိ ရောင်နီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လှည်းကူးမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက အလှူငွေ ကျပ်ငါးသောင်းနှင့် သုတရသ စာအုပ်မျိုးစုံ ၁၀၁၀၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာဌာနမှူး ဒေါ်ဖြူဖြူညွန့်က အလှူငွေကျပ်သုံးသောင်းနှင့် စာအုပ်မျိုးစုံ ၂၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြသင်းက စာအုပ် စာစောင် ၅၀၀၊ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အလှူငွေကျပ်ငါးသောင်း၊ လှည်းကူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက နာရီတစ်လုံးနှင့် စာအုပ်မျိုးစုံ ၁၀၀၊ MWDC စက်ရုံက အလှူငွေကျပ်သုံးသောင်း၊ လှည်းကူးမြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက အလှူငွေကျပ်သုံးသောင်း၊ လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်နှစ်သောင်း၊ လှည်းကူးမြို့နယ်ရှိ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ ၁၃၆ မော်တော်ယာဉ်လိုင်း၊ ၁၃၅ မော်တော်ယာဉ်လိုင်း၊ မြဝတီ မော်တော်ယာဉ်လိုင်းနှင့် ဝါးနက်ကုန်း စံပြကျေးရွာ အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်တစ်သောင်းစီနှင့် ဝါးနက်ကုန်းကျေးရွာမှ အလှူရှင်တစ်ဦးက စာအုပ်မျိုးစုံ ၇၀ အပါအဝင် စုစုပေါင်း ငွေကျပ် နှစ်သိန်းရှစ်သောင်းနှင့် သုတရသစာအုပ် မျိုးစုံ ၁၆၈၀၊ နာရီတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ဝါးနက်ကုန်း စံပြကျေးရွာ ရောင်နီဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်က လက်ခံသည်။



## ကျေးဇူးအထူးတင်

ဆက်လက်၍ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်က ယခုကဲ့သို့ အလှူငွေ၊ စာအုပ် စာစောင်များ လာရောက် လှူဒါန်းသည့်အတွက် ကျေးလက်ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အထ ပိုမိုပွားများလာပြီး အသိဉာဏ် ဗဟုသုတများ တိုးပွားကာယဉ်ကျေးလိမ္မာသည့် အမျိုးကောင်းသားများဖြစ်လာသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ရောင်နီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

## လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝါးနက်ကုန်း စံပြကျေးရွာရှိ ရောင်နီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အတွက် အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်းသည့် အခမ်းအနားတွင် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပြည့်စုံလှပ မြန်မာအမျိုးသမီးဘဝ"** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀၀ မှ ၅၀၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင် စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာ အရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀x၁၄ လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် စာတည်းမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂–၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၂၆–၅–၂၀၀၆ (သောကြာနေ့)

## ၁၃၆၈ခုနှစ်၊ ကဆုန်လကွယ် (ဥပုသ်နေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၅။ | လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင် |
| ၈း၀၀ | ၆။ | အကပြိုင်ပွဲ |
| ၈း၀၅ | ၇။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈း၁၅ | ၈။ | အတီးပြိုင်ပွဲ |
| ၈း၂၀ | ၉။ | မံဆောင်းတံတား (ချင်းပြည်နယ်) |
| ၈း၃၀ | ၁၀။ | International News. |
| ၈း၄၅ | ၁၁။ | English for Everyday Use. |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ရက္ခဗေဒ၊သတ္တဗေဒအထူးပြု) (ရက္ခဗေဒ) |
| ၄း၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၅း၀၀ | ၅။ | အကပြိုင်ပွဲ |
| ၅း၀၅ | ၆။ | မြန်မာစာ၊မြန်မာစကား |
| ၅း၂၀ | ၇။ | **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း–၂) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊မြတ်ကေသီအောင်၊ရတနာခင်၊ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ဆောင်းနှင်းဝေ၊နီနီရွှေရည်၊ဝိုင်းစုခိုင်သိန်း၊အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)** |
| ၅း၃၀ | ၈။ | နှောင်းခေတ်တေးပဒေသာ |
| ၅း၄၅ | ၉။ | (ဘက်စုံဖွံ့ဖြိုးတိုးတက်နတ်ကြီးချောင်ကျေးလက်) |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၂။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလုလု" (အပိုင်း–၁၂)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှေ့နေ" (အပိုင်း–၉)** |
| | ၁၈။ | မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော် |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |



# မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်

**၂၀၀၆ခုနှစ်၊ မေ ၂၅ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကရင်ပြည်နယ်တွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖြစ်မြဲအောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့ အပူချိန်များ**မှာ ခန္တီးမြို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်နှင့် မြစ်ကြီးနားမြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ** မှာ လောင်းလုံမြို့တွင် ၇ ဒသမ ၄၈ လက်မ၊ သံတွဲမြို့တွင် ၆ ဒသမ ၄၂ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မင်းဘူးမြို့၊ ဘားအံမြို့နှင့် ကလေးမြို့တို့တွင် ၁ ဒသမ ၇၃ လက်မစီနှင့် ရမည်းသင်းမြို့တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား ကောင်းနေသည်။

## ၂၀၀၆ ခုနှစ် မေ ၂၆ ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများတွင်ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | |
|---|---|
| အမြင့်ဆုံးအပူချိန် ၂၇ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၈၂ဒီဂရီဖာရင်ဟိုက်) | **၂၄–၅–၂၀၀၆** |
| အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၃ဒီဂရီစင်တီဂရိတ် (၆၇ ဒီဂရီဖာရင်ဟိုက်) | **၂၅–၅–၂၀၀၆** |
| ၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း | **၂၅–၅–၂၀၀၆** |
| နေပူသည့်နာရီပေါင်း ၀ ဒသမ ၂ နာရီခန့် | **၂၄–၅–၂၀၀၆** |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၅–၅–၂၀၀၆ | (၀ဒသမ၂၀လက်မ) | (၀ဒသမ၅၁လက်မ) | (၀ဒသမ၁၆လက်မ) |
| ၁–၁–၂၀၀၆မှ ယနေ့အထိ | (၁၄ဒသမ၀၆လက်မ) | (၁၇ဒသမ၄၀လက်မ) | (၁၈ဒသမ၇၄လက်မ) |

**ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၄–၅–၂၀၀၆ ရက် ၁၃း၄၅ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်း တိုက်ခတ်သည်။**

# ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

## အနည်းဆုံး ကွာတားဖိုင်နယ်အထိမှန်းသည့် ဆွစ်ဇာလန်



**ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို**

၂၀၀၂ ခုနှစ် တောင်ကိုရီးယား-ဂျပန် ကမ္ဘာ့ဖလားနှင့် ၁၉၉၈ခုနှစ် ပြင်သစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲ မအောင်ခဲ့သောကြောင့် ဆွစ်ဇာလန်သည် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ရသည်။ အိမ်နီးချင်း ဂျာမနီနိုင်ငံတွင် ပြုလုပ်မည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရအောင် ကြိုးပမ်းမည်ဟု သန္နိဋ္ဌာန်ချခဲ့ကြသည်။

ဆွစ်ဇာလန်သည် ဥရောပဇုန် အုပ်စု(၄)တွင် ပြင်သစ်၊ အစ္စရေး၊ အိုင်ယာလန်၊ဆိုက်ပရပ်စ်၊ဖာရိုးကျွန်းစုတို့နှင့်အတူ ပါဝင်သည်။ အပြန်အလှန် ၁၀ပွဲကစားရာ လေးပွဲနိုင်ပြီး ခြောက်ပွဲ သရေကျသည်။ ၁၈မှတ်ဖြင့် အုပ်စု ဒုတိယရသည်။ သို့ဖြစ်၍ အဆုံးအဖြတ် ခြေစစ်ပွဲကို တူရကီနှင့် ကစားရသည်။ ပထမအကျော့အိမ်ကွင်းတွင် ၂-၀ဖြင့် နိုင်သည်။ အဝေးကွင်း၌ ၄-၂ ဖြင့်ရှုံးသည်။ ဂိုးအရေအတွက် ချင်းတူနေသော်လည်း အဝေးကွင်း ဂိုးသွင်းနိုင်မှုကြောင့် ဆွစ်ဇာလန် ခြေစစ်ပွဲအောင်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ယူအီးအက်(ဖ်)အေ ချန်ပီယံရှစ်ပြိုင်ပွဲကို ဩစတြီးယားနှင့် အတူ ဆွစ်ဇာလန်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်။ ကမ္ဘာ့ဖလား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေး အတွက် ၁၉၉၄ ခုနှစ် အမေရိကန် ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးကတည်းက ကြိုးပမ်းလာခဲ့ရာ ၁၂ နှစ်တိုင်တိုင်ရှိပြီ ဖြစ်သည်။

၁၉၉၄ခုနှစ် အမေရိကန်ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ဆွစ်ဇာလန်သည် ဒုတိယ ရှုံးထွက်အဆင့်သို့ပင် ရောက်ခဲ့သည်။ စပိန်ကို ၃-၀ ဖြင့် ရှုံးသည်။ သို့သော် စီရီကိုဆာဖော်ဇာနှင့် စတီဖင်ချာပူ ဆက်ကဲ့သို့သော ဘောလုံးကြယ်ပွင့်များ ပေါ်ထွက်ခဲ့သည်။ ငယ်ရွယ်နုပျိုပြီး ရည်မှန်းချက်ကြီးသော လက်ရှိ ဆွစ်ဇာလန်သည် ကမ္ဘာ့ဖလား၌ အနည်းဆုံး ကွာတားဖိုင်နယ်သို့ရောက် မည်ဟု မျှော်မှန်းထားသည်။ လေ့လာသူ အချို့က ဆွစ်ဇာလန်အသင်းက တအံ့တသြ ဖြစ်သွားအောင် လုပ်ပြနိုင်သော အလားအလာများရှိသည်ဟု ယုံကြည်နေကြသည်။



ဆွစ်ဇာလန်ဘောလုံးအသင်းနည်းပြ ဂျကိုဘီခန်း။

ဆွစ်ဇာလန်သည် ခြေစစ်ပွဲ တစ်လျှောက်တွင် တစ်ပွဲသာရှုံးသည်။ တူရကီကို အဆုံးအဖြတ်ခြေစစ်ပွဲတွင် ရှုံးခြင်းဖြစ်သည်။ ဤအချက်က ဆွစ်ဇာလန်အသင်းအင်အားတောင့်တင်းမှုကို ပြသသည်။ ယခုလို အင်အား တောင့်ရခြင်းမှာ လူငယ်များဖြင့် ဖွဲ့စည်းထားသောကြောင့်ဖြစ်သည်။ တူရကီနှင့် ကစားသည့်ပွဲတွင် ၂၀၀၂ ခုနှစ် အသက် (၁၇)နှစ်အောက် ယူအီးအက်(ဖ်)အေ ဖလားချန်ပီယံအသင်းမှ လူငယ် ကစားသမားများဖြစ်ကြသော ထရန်ကွီး လိုဘာနက်နှင့် ဖိလစ်ဆန်ဒါရိုစ်တို့ကို ပွဲထုတ်ထားသည်။

### ဂမ်ဆိုင်း

ခြေစစ်ပွဲတွင် ပြင်သစ်နှင့် အိုင်ယာလန်တို့ကို အပြန်အလှန် နှစ်ကျော့စလုံး သရေကျခြင်းက ဆွစ်ဇာလန် အသင်း၏ အင်အားတောင့်တင်းမှုကို ထပ်မံမီးမောင်းထိုးပြနေသည်။ဥရောပဇုန် ခြေစစ်ပွဲအားလုံး ခက်ခဲသည်။ သို့သော်လည်း ဆွစ်ဇာလန်သည် အိုင်ယာလန်ကို ဖယ်ရှားပြီး အုပ်စု ဒုတိယနေရာသို့တက်ရောက်လာသည်။

အသင်းခေါင်းဆောင် ဂျိုဟန်ဗိုဂယ်လ် ဦးဆောင်သော ဆွစ်ဇာလန်သည် အတွေ့အကြုံရှိသော လူငယ် ကစားသမားဖြင့် ဖွဲ့စည်းထားသည်။ ဟမ်းဘတ် ကွင်းလယ်ကစားသမား ရာဖေးလ်ဝပ်ခ်ကီက ကွင်းလယ်မှ ဦးဆောင်ကစားနေစဉ် အတွေ့အကြုံ ကြွယ်ဝသော ဂိုးသမားပက်စ်ကယ်လ် ဇူးဘာဘူလာကလည်း နောက်မှနေပြီး လိုအပ်ချက်များကို ညွှန်ကြားပေးသွား လိမ့်မည်။ ပြင်သစ်ပထမတန်းတွင် ကစားနေသော အလက်ဇန္ဒရာဖရေး နှင့် အထိရောက်ဆုံး ကစားတတ်သော စတိတ်ရန်းနက်တို့သည် ပြိုင်ဘက် ဂိုးပေါက်ကို အကြီးအကျယ်ခြိမ်း ခြောက်ကြပေလိမ့်မည်။

ဖရေးသည် ပွဲတွင် ပြဿနာတက် လေ့ရှိသော ကစားသမားတစ်ဦးဖြစ် သည်။ သို့သော် ကမ္ဘာ့အဆင့်မီ ကစား သမားတစ်ဦးဖြစ်သည်။ တိုက်စစ်မှူး ရန်းနက်သည် သူ၏အသင်းအတွက် ပြီးခဲ့သောရာသီတွင် ၂၂ ဂိုး သွင်းပေး ခဲ့သည်။ ဘန်ဒါလီဂါမှ စတုဂတ် အသင်းက ၎င်းကို စိတ်ဝင်စားနေ သည်။ ကိုလံဘီယာဖွား တိုက်စစ်မှူး ဂျိုဟန်ဗွန်လန်သဲ(န်)ကလည်းပြိုင်ဘက် နောက်တန်းများ အထူးသတိထား ရမည့်သူဖြစ်သည်။ အသက်(၁၉)နှစ် သာ ရှိသေးသည်။ လွန်ခဲ့သောရာသီက စီးရီးအေမှ ဘရက်ဆီးရာတွင် အငှားချ ထားခံရသည်။ ယခု လောလောဆယ် တွင် ပီ အက်(စ်) ဗီမှ အင် အေ စီ ဘရက်ဒါမှာ အငှားချကစားလျက် ရှိသည်။ အတွေ့အကြုံကြွယ်ဝသော ရာကင်ညီအစ်ကိုတို့ကလည်း ယခု တိုင် အသင်းတွင် သြဇာရှိနေသော် လည်း အေစီမီလန်မှ ဂျိုဟန်ဗိုဂယ်လ် ကသာ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူ ကစားသွားလိမ့်မည် ဖြစ်ကြောင်း တင်ပြလိုပါသည်။ ။



ဆွစ်ဇာလန် လက်ရွေးစင်ဘောလုံးအသင်းအား တွေ့ရစဉ်။



ကွယ်လွန်သူအစ်ကိုကြီး ဦးယုကြည်အားရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ဌာနာရပ်ကွက် ရောဝတီလမ်းနေ ဦးတင်ဦး-ဒေါ်ကျင်အေးမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်း တော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းတစ်သောင်းကို ပိဋကနှစ်ပုံခွဲ ဆောင် ဆရာတော် ဘဒ္ဒန္တ ကေသရိန္ဒထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်းတိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် တာမွေမြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်းနေ ဦးကျော်ဌေး-ဒေါ်မြမာလာ၊ သမီး ခိုင်မာကျော်၊ သားမင်းရဲကျော်၊ ကျော်သူရိန်၊ မြေး မင်းဟိန်းကျော်၊ ဟိန်းနေဇော်မိသားစုက အလှူငွေကျပ် တစ်သိန်းကို အကျိုးတော်ဆောင်ဆရာတော်ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ တောင်ဖီလာဦးလှမြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူရန်အတွက် ရန်ကုန်မြို့ အထက(၂)လသာမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဆရာ၊ဆရာမများ စုပေါင်း၍ ကိုးလက်မပတ်လည် ရွှေချပြီး ရွှေပြားအချပ် ၅၀အတွက် အလှူငွေကျပ် ၂၅၀၀၀၀ကို မေ ၂၃ရက်က ကျောင်းအုပ်ဆရာမကြီးရုံးခန်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက ပေးအပ်လှူဒါန်းရာ ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ကိုယ်စား ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)နာယက ဦးစိုးဝင်း နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၆၁)

## မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် မေ ၂၅**

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၆)ရပ်ကွက် ပုလဲရတနာလမ်း နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက်ကြီး၌ ဇွန် ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည် ဖြစ်သည်။

အသင်းသူအသင်းသားများ သွားလာရေးလွယ်ကူစေရန် အဆိုပါနေ့နံနက် ၇နာရီခွဲမှ ၈နာရီအတွင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း(အလယ်) မြန်မာမျက်မှန်ဆိုင်ရှေ့မှလည်းကောင်း၊ မြောက်ဥက္ကလာပ သုဓမ္မာနှင့် ခေမာသီလမ်းဆုံ (မြို့နယ်လျှပ်စစ်ရုံးရှေ့)နှင့် တောင်ဥက္ကလာပ သံသုမာနှင့်ပါရမီလမ်းဆုံ(ဘောလီတံတားထိပ်)မှလည်းကောင်း အသွားအပြန် ပို့ဆောင်ပေးမည်ဖြစ်သည်။

၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အမှတ်စာရင်းမိတ္တူ ပေးပို့လိုသူများနှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးသိန်းလှိုင် ဖုန်း-၂၂၀၆၁၉၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွန့် ဖုန်း-၂၄၁၁၅၇နှင့် အတွင်းရေးမှူး ဦးစိုးပိုင် ဖုန်း-၃၇၅၆၈၀တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်သည်။ (က-ပ)



ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၉)လမ်းနေ ကွယ်လွန်သူ ဖခင် ဦးကျော်ဝင်းနှင့် အစ်မ ဒေါ်ဦးယဉ်သာတို့အားရည်စူး၍ မိခင်ကြီး ဒေါ်ဦးညိုနှင့် သမီး သိန်းနုခိုင်မိသားစုက သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဇြပဓမ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## မိုးကြီးမည့်သတိပေးချက် ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၂၅**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် အနောက်တောင်မုတ်သုံလေသည် အားကောင်းရာမှ အားအလွန်ကောင်းနေသည်။ ယင်း၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှနောက် ၂၄နာရီအတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်းသက်ဆိုင်ရာက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)




- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ပွဲ့ဥပဒေ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရသာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းရေးသားသည့် —

**စိုးမြကျော် ၏**

**အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်**

**ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ**

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၈၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၀၆


# အမျိုးသား တံခွန်စိုက်စက်ဘီး ပြိုင်ပွဲ ဆုချီးမြှင့်
# အကောင်းဆုံးအားကစားသမားဆု မြင့်အေးနှင့် ခိုင်မာဦး ရရှိ
# မီတာ ၄၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ စံချိန်သစ်တင်

ရန်ကုန် မေ ၂၅

**၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား/အမျိုးသမီး စက်ဘီးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစ၍ လှူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းတွင် ဆက်လက်ကျင်းပသည်။**

ယနေ့ ပွဲစဉ်များအဖြစ် မီတာ ၄၀၀၀ တစ်ဦးချင်း အမီလိုက်ပြိုင်ပွဲ၊ မီတာ ၁၀၀၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပသည်။ ဗိုလ်လုပွဲ ပွဲစဉ်များ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)က အကောင်းဆုံးအားကစားသမားဆု ရရှိကြသော အမျိုးသမီး ခိုင်မာဦး (လယ်/ဆည်)နှင့် အမျိုးသား မြင့်အေး (ဘဏ္ဍာ/အခွန်)တို့အား ဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသောင်းစီ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး မီတာ ၄၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံ စက်ဘီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက အမျိုးသမီးမီတာ ၁၀၀၀ တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၈၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၁၀၀၀ တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲဆု ရရှိသူများကိုလည်းကောင်း၊ စက်ဘီး အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်မြင့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နှင်းစန္ဒာဦးနှင့် တာဝန်ရှိသူများက မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၄၀၀၀ တစ်ဦး ချင်း အမီလိုက်ပြိုင်ပွဲ၊ မီတာ ၁၀၀၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၈၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲ အမျိုးသား အမျိုးသမီးဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြ သည်။

ယခုပြိုင်ပွဲတွင် စံချိန်သစ်တစ်ခု တင်နိုင်ခဲ့ရာ မြင့်အေး(ဘဏ္ဍာ/အခွန်) က မီတာ ၄၈၀၀ အုပ်စု တစ်ဦးချင်း ပြိုင်ပွဲတွင် ၆ မိနစ် ၃၉ ဒသမ ၆၉ စက္ကန့်ဖြင့် ၂၀၀၃ ခုနှစ် ကျော်မင်းသန့် (လယ်/ဆည်) တင်ထားသော ၆ မိနစ် ၅၂ ဒသမ ၂၄ စက္ကန့်ကို စံချိန်ချိုးနိုင်ခဲ့ သည်။ (ကြေးမုံ)



**မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)က အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ခိုင်မာဦး(လယ်/ဆည်)အား ဆုချီးမြှင့်စဉ်။** (ကြေးမုံ)



## ကြည့်ရှုအားပေး

**ပုဇွန်တောင်မြို့နယ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲကို မေ ၂၅ရက်က အခြေခံပညာအထက်တန်း ကျောင်း အမှတ်(၁)တွင် ပြုလုပ်ရာ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသရ (မြသိန်းတန်)နှင့် စာမေးပွဲကြီးကြပ် ဆရာတော်များ ကြည့်ရှုအားပေးစဉ်။** (၂၃)

# မြန်မာဂျူဒိုအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဂျူဒိုအားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူး ရရှိရေးအတွက် ဂျပန်နိုင်ငံရှိ ကိုဒိုကန် ဂျူဒိုကျောင်း၏ ဂျပန်နိုင်ငံလုံးဆိုင်ရာ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မေ၁၇ရက်မှ ၂၄ရက်အထိ ရှေ့လုပ်ငန်း စဉ်များကို ဆွေးနွေးညှိနှိုင်းပြီး မြန်မာ နိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်း ထွန်းခေါင်းဆောင်သော အဖွဲ့ဝင် လေးဦးပါဝင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ယမန်နေ့ညက ဂျပန်နိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာ သည်။

### ကြိုဆိုနှုတ်ဆက်

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ကိုယ်စား လှယ်အဖွဲ့အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်၊ အထွေထွေအတွင်းရေးမှူး၊ အားကစား နှင့် ကာယပညာဦးစီးဌာနမှ ဦးစီး အရာရှိ ဒေါ်သီသီရိန်နှင့် အမှုဆောင် များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြ သည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ကိုယ်စား လှယ်အဖွဲ့တွင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ နည်းပြချုပ် ဗိုလ်ကြီး သန်းမောင်(ငြိမ်း)နှင့် အမှုဆောင် ဦးအောင်မျိုးရိန်တို့ ပြန်လည်လိုက်ပါ လာကြသည်။ (ကြေးမုံ)



## ကြီးကြပ်ဆောင်ရွက်

**မကွေးတိုင်း ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မျိုးနှင့် အဖွဲ့ဝင်များ မေ ၁၀ ရက်က ရေစကြိုမြို့နယ် သပြေပင်ကျေးရွာကွင်းအမှတ် (၉၂)တွင် ခြံစည်းရိုး ကြက်ဆူပင် ၂၅၀၀ မြေချစိုက်ပျိုးမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်/ပြန်ဆက်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ တံတားစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။** (သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

တံတားဖွင့်ပွဲ အခမ်းအနားတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ တွံတေးတူးမြောင်းကို ဖြတ်သန်းပြီး တည်ဆောက်ခဲ့သည့် တွံတေးတံတားကြီးသည် ဒလ-တွံတေး-လှိုင်သာယာ လမ်းမကြီး၏ အဓိကအကျဆုံးနှင့် အရေးပါဆုံး အစိတ်အပိုင်းတစ်ရပ်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ယခုတံတားကြီးသည် ရန်ကုန်မြို့မှ ရေကြောင်းလမ်း ကူးတို့ဖြင့် ကူးသန်းသွားလာနေခဲ့ရသည့် ဒလ-တွံတေး-ကွမ်းခြံကုန်းမြို့နယ်များကို လှိုင်သာယာလမ်းကတစ်ဆင့် ရန်ကုန်မြို့နှင့် ပထမဆုံးအကြိမ်အဖြစ် မော်တော်ကားလမ်း ဆက်စပ်မိစေသည့် တံတားကြီးလည်း ဖြစ်ကြောင်း။

**ဒေသနေ ပြည်သူများအတွက် အရေးပါလှသည့် တွံတေးတံတားကြီးကို ယနေ့ ဖွင့်လှစ်လိုက်နိုင်ပြီဖြစ်ခြင်းကြောင့် ဒလ-တွံတေး-လှိုင်သာယာ လမ်းမကြီးသည်လည်း ရည်မှန်းချက်များနှင့်အညီ ပြည့်ပြည့်ဝဝ ပေါ်ထွန်းလာခဲ့ပြီဖြစ်ပြီး ဒေသခံပြည်သူများအတွက် ထူးခြားသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြတော့မည်ဖြစ်ကြောင်း။**



## မဆုတ်နစ်သည့်အားထုတ်မှု

ရန်ကုန်မြို့နှင့် နီးကပ်လှသော်လည်း လှိုင်မြစ်ကြီးခြားနေခြင်းကြောင့် အနေဝေးခဲ့ရသည့် ဒလ-တွံတေး-ကွမ်းခြံကုန်းမြို့နယ်များနှင့် တကွ လှိုင်မြစ်တစ်ဖက်ကမ်းက

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## တွံတေးတံတား

**ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာအနီး တွံတေးတူးမြောင်းပေါ်၌ တည်ဆောက်ထားသည့် တွံတေးတံတားကို တွေ့ရစဉ်။** (သတင်းစဉ်)

## ယနေ့မိုးလေဝသ

(၂၆-၅-၂၀၀၆)

### နေပြည်တော်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

### ရန်ကုန်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့် အတင့် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

### မန္တလေး

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**